ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်၊ တနင်္လာနေ့။ Monday, 19 August 2024 ၁၁၅၅၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်မြဲမှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့ပန်းချီ ပန်းပုဈေးကွက်အတွင်း အခန်းအလှဆင်ရာတွင် အသုံးများသည့် ပန်းချီအမျိုးအစားများအနက် ကနုကမာ ပန်းချီကားများကို စိတ်ဝင်စားသူများပြား


**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာ့ပန်းချီ ပန်းပုဈေးကွက်အတွင်း အခန်းအလှဆင်ရာတွင် အသုံးများသည့် ပန်းချီကား အမျိုးအစားများအနက် ကနုကမာ ပန်းချီကားများကို စိတ်ဝင်စားသူများနေကြောင်း ပန်းချီ ပန်းပုနှင့် မြန်မာမှု အနုပညာလက်ရာ အမျိုးမျိုးအရောင်း ဈေးကွက်မှ သိရသည်။

**စိတ်ဝင်စားမှုများ**

"ဝါတွင်းဆိုတော့ ဈေးကွက်က နည်းနည်းပါးပေမယ့် ကျောက်စီပန်းချီကားတွေ၊ ကနုကမာပန်းချီကားတွေတော့ လောလောဆယ် အဝယ်များတယ်။ ရောင်းဝယ်အားရှိပြီး လူစိတ်ဝင်စားမှုများတယ်လို့ ပြောလို့ရတယ်။ လောလောဆယ် ဝါဝင်သွားတော့ အိမ်တက်တို့၊ မင်္ဂလာဆောင်တို့ကလည်း နည်းနေပါတယ်။ ဝါဝင်တို့၊ မိုးတွင်းတို့ကတော့ အဲဒီလိုပါးတတ်တယ်။ ဝါဝင်တယ်ဆိုပေမယ့် တချို့ဆိုင်ဖွင့်ပွဲလေးတွေရှိတယ်၊ တချို့ကျတော့လည်း မွေးနေ့လေးတွေရှိတယ်၊ အဲဒီလိုမျိုးတွေဆို လာဝယ်ကြတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋




မြန်မာ့ပန်းချီ ပန်းပုဈေးကွက်အတွင်း စိတ်ဝင်စားသူများပြားနေသည့် ကျောက်စီပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။

### ယနေ့ ဖတ်စရာ

မိခင်နို့တိုက်ကျွေးခြင်းနှင့် အကျိုးဆက်များ
ဆောင်းပါး စာမျက်နှာ » ၆

လောကကို အလှဆင်ကြပါစို့
ဆောင်းပါး စာမျက်နှာ » ၁၀

အာဖရိကသို့ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးရန် ချမ်းသာသော နိုင်ငံများကို တိုက်တွန်း
စာမျက်နှာ » ၁၃

ဗုဒ္ဓအကြောင်း သိကောင်းစရာ မှတ်တမ်း
စာမျက်နှာ » ၁၇

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၈

| | |
|---|---|
| စစ်တွေ | ၅ ဒသမ ၆၃ လက်မ |
| မာန်အောင် | ၅ ဒသမ ၁၂ လက်မ |
| ဂွ | ၄ ဒသမ ၈၉ လက်မ |
| ငပုတော | ၃ ဒသမ ၇၅ လက်မ |
| မော်လိုက် | ၃ ဒသမ ၃၅ လက်မ |
| ဟုမ္မလင်း | ၃ ဒသမ ၁၁ လက်မ |

## မိုးကြိုအာလူးအထွက်နည်းပါးသောကြောင့် ဈေးကောင်းရရှိ

**ရန်ကုန် ဩဂုတ် ၁၈**

မိုးကြိုအာလူးထွက်ရှိမှု နည်းပါးပြီး ဈေးကောင်းရရှိနေကြောင်း ရှမ်းပြည်နယ် နောင်းတရားအာလူးအသင်းမှ တာဝန်ရှိသူက ပြောသည်။

**ဈေးကောင်းရရှိ**

ဧပြီလနှင့် မေလပိုင်းက စိုက်ပျိုးခဲ့သည့် မိုးကြိုအာလူး ထွက်ရှိသည့်အချိန်ကာလ၌ အာလူးအထွက် နှုန်းနည်းပါး၍ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"အခုကာလကလည်း အာလူး လုံးဝမထွက်တာတော့မဟုတ်ဘူး၊ ထွက်တယ်။ ဒါပေမဲ့ အရင်ကာလလို မများတော့တာ။ မိုးကြိုအားလူးထွက်ရှိချိန် လေးလပိုင်း၊ ငါးလပိုင်းက စိုက်ထားတဲ့အာလူးတွေ ဒီအချိန်မှာတူးတာ။ စိုက်တာနည်းသွားတယ်၊ ဟိုးအရင်နှစ်တွေတုန်းကတော့ စိုက်တာများပြီး အခုကတော့ ရာသီဥတု အပြောင်းအလဲကြောင့်လည်း စိုက်တာနည်းသွားတယ်။ မိုးရာသီက ရာသီဥတုနဲ့ ရောဂါကြောင့် စိန်ခေါ်မှုများတော့ စိုက်ဧက နည်းသွားတာ။ မိုးရာသီက အာလူးအထွက်နှုန်း နည်းပါးပြီး

စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆



ကြေးမုံ

# ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ထူးကဲသောလပြည့်နေ့ အသီးသီးရှိကြရာ၌ ဝါခေါင်လပြည့်နေ့သည် မေတ္တာဓာတ်များလွှမ်းခြုံပတ်၍ ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးနိုင်သည့်နေ့မြတ်ဖြစ်ပေသည်။ ဝါခေါင်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်က မေတ္တာသုတ်တရားတော်ကို ထုတ်ဖော်ဟောကြားသည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)ဟူ၍သတ်မှတ်ခဲ့ကြပြီး ကောင်းမှုအထူးတို့ကို ပြုလုပ်ကြသည်။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ရဟန်းငါးရာတို့သည် ဝါဆိုဦးအခါ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားများသင်ယူပြီး ဥတုသပ္ပာယမျှတသည့် တောအုပ်တစ်ခုတွင် ပုရိမဝါဆိုကာ တရားအားထုတ်ကြသည်။ ထိုအခါရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နတ်တို့သည် သစ်ပင်ဗိမာန်ထက်မှဆင်းပေးရပြီး ရဟန်းတော်များပြန်အကြွကို စောင့်ဆိုင်းနေကြသည်။ ရဟန်းတော်များသည် ထိုအရပ်မှာပင် ဆက်လက်တရားအားထုတ်ကြသဖြင့် နတ်အချို့က ရဟန်းတော်များ ထွက်ပြေးစေရန်ရည်ရွယ်၍ အနံ့ဆိုးများလွှတ်ခြင်း၊ အသံဆိုးများဖြင့် အော်ဟစ်ခြင်း၊ ကြောက်မက်ဖွယ်ရာ အဆင်းမျိုးစုံဖန်ဆင်း၍ ခြောက်လှန့်ခြင်းတို့ကိုပြုလုပ်လာကြသည်။ နတ်တို့၏အနှောင့်အယှက်ပေးမှုကြောင့် ရဟန်းငါးရာတို့သည် တရားရှုမှတ်၍မရတော့သဖြင့် ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့ကြသည်။

ဤဝါခေါင်လပြည့်နေ့တွင် မြတ်စွာဘုရားထံသို့ ဆိုက်ရောက်ကြပြီး ကြုံတွေ့ရသည့် အခက်အခဲများကို မြတ်စွာဘုရားရှင်အား လျှောက်ထားကြသည်။ မြတ်စွာဘုရားရှင်က ရဟန်းတို့သည် မေတ္တာကမ္မဋ္ဌာန်းမပွားများကြသည့်အတွက် ရုက္ခစိုးနတ်များနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိ၊ ချစ်ခင်ကျွမ်းဝင်မှုမဖြစ်၍ ရုက္ခစိုးနတ်များ၏ နှင်ထုတ်ခြင်းခံရခြင်းဖြစ်ကြောင်း ဟောကြားတော်မူ၍ ရဟန်းငါးရာတို့ကို မေတ္တာကမ္မဋ္ဌာန်း သင်ပြပေးတော်မူသည်။ မေတ္တာကမ္မဋ္ဌာန်းမှာ မေတ္တာသုတ္တံ တရားတော်မြတ်ကို ရွတ်ဆိုပွားများခြင်းဖြစ်သည်။

ထို့နောက် ရဟန်းငါးရာတို့သည် မူလတောအုပ်သို့ ပြန်လာပြီး ဝါခေါင်လပြည့်ကျော်(၁)ရက်နေ့တွင် ပစ္ဆိမဝါ (ဒုတိယဝါ) ကပ်ကြသည်။ မြတ်စွာဘုရားရှင် သင်ပြပေးသည့်အတိုင်း ရုက္ခစိုးနတ်များနှင့်တကွ အားလုံးသော ဝေနေယျသတ္တဝါတို့အပေါ်တွင် မေတ္တာဖြန့်ကြက်ပို့လွှတ်ကြသည်။ ရဟန်းတော်တို့ ပို့လွှတ်အပ်သော မေတ္တာဓာတ်ကြောင့် နတ်များက ကြည်ညိုချစ်ခင်လာကြသည်။ ရုက္ခစိုးနတ်အပေါင်းတို့၏ ပြုစုစောင့်ရှောက်မှုဖြင့် ဝါတွင်းအခါကာလပတ်လုံး တရားအားထုတ်ကြရာ ရဟန်းတော်ငါးရာတို့ ရဟန္တာဖြစ်လာကြသည်။ အဆိုပါရဟန်းငါးရာတို့ကို ဝါခေါင်လပြည့်နေ့တွင် မေတ္တာသုတ်ဟောကြားတော်မူသည်ကို ရည်မှန်းကာ ယခုအခါ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)ဟူ၍ ကျင်းပပူဇော်ကြသည်။

ဝါခေါင်လပြည့်နေ့တွင် “ယဿာ နုဘာဝတော” အစချီသည့် မေတ္တာလက်နက်ပရိတ်စက်၏တန်ခိုးရှိန်ဖော် အာနုဘော်ကြောင့် လွန်စွာကြမ်းကြုတ်ကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး တန်ခိုးတိမ်မြူးနတ်ဘီလူးတို့သည် အဆင်းသဏ္ဍာန် အသံအနံ့ဖြင့် ခြောက်လှန့်နှောင့်ယှက် ကြောက်မက်ဖွယ်သောအာရုံတို့ကို မပြုနိုင်ကြ။ ယင်းမေတ္တာလက်နက် ပရိတ်စက်ကိုသာလျှင် လုံ့လလျော့ကင်း မပျင်းမရိဘဲ အခါမလပ်ရွတ်ဖတ်သူသည် ဘေးရန်မသန်း အေးချမ်းသာယာ ကြည်သာရွှင်ပြ အိပ်ပျော်ရ၏။ အိပ်သောအခါ တစ်စုံတစ်ရာ ကြောက်စရာအကြောင်း မကောင်းသောအိပ်မက်ကို မမြင်မက် ဤသို့ ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော မေတ္တာလက်နက်ပရိတ်စက်သည် နတ်များ နှစ်သက်စောင့်ရှောက်တတ်သဖြင့် အန္တရာယ်ဟူသမျှ ကင်းစေ၏။ စိတ်ဓာတ်လည်းကြည်၊ နောင်တမလွန်ဘဝ ဗြဟ္မပြည်လား ၁၁ ပါးဟု ရပါစေကြောင်း ဆုမတောင်းလည်း မုချအမှန်ရမည့် မေတ္တာပရိတ်တော်ဖြစ်သည်။

မေတ္တာကမ္မဋ္ဌာန်းပွားများစီးဖြန်းပြီး အလုံးစုံသော သတ္တဝါအနန္တတို့ကိုယ်စိတ်နှစ်တန် ဘေးရန်လွတ်ကင်းချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေသတည်း။ မွေးမိခင်သည် ရင်နှစ်သားငယ်အတွက် အသက်ကိုပင်မခင်မင်ဘဲ လွန်ကဲကြင်နာစွာစောင့်ရှောက်သကဲ့သို့ အလားတူ အလုံးစုံသောသတ္တဝါတို့၌ သတ်မှတ်ခွဲခြားပိုင်းခြားခြင်းမရှိ မေတ္တာစိတ် ယိုဖိတ်လျက် ပွားများအပ်၏။ သတ္တဝါအပေါင်းအား ကျဉ်းမြောင်းခြင်း ဖယ်ရှင်းလျက် မေတ္တာစိတ်ကို ပွားများရာ၏။ နိစ္စဓူဝ စိတ်ကြည်လင်စွာဖြင့် ကာလပတ်လုံး မေတ္တာစိတ်နှင့်ယှဉ်သော သတိတရားကို ပွားများအပ်၏။ ဤသာသနာတော်၌ မေတ္တာကိုနှလုံးသွင်း၍ နေထိုင်ခြင်းကို ထူးမြတ်သောနေထိုင်ခြင်းဟု မြတ်စွာဘုရားက ချီးမွမ်းစကား ဟောကြားတော်မူသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ ဒေါသ၊ မောဟ၊ လောဘ အားကြီးနေသောအခါ၌ လူအချင်းချင်းနှိပ်စက်ခြင်း၊ လုယ့်ပတ်ခြင်း၊ ခြောက်လှန့်ခြင်းတို့ ကင်းဝေးစေရန်အတွက် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့)တွင် မြတ်စွာဘုရားရှင် ညွှန်ပြတော်မူသော မေတ္တာကမ္မဋ္ဌာန်းကို ရဟန်းရှင်တို့သာမက များထိုထိုလူတို့ကလည်း စိတ်လက်ကြည်သာစွာ မပြတ်ပွားများအားထုတ်ကြခြင်းဖြင့် ဒုက္ခဆင်းရဲအပေါင်းမှ လွတ်ကင်းပြီး မင်္ဂဖိုလ်နိဗ္ဗာန်သို့ပင် ရောက်ရှိနိုင်ပါကြောင်း။ ။

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၈

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်)ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏အကြိမ်(၂၀)မြောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)သို့ တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ဇောတိကထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြသည်။



ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီ(လ်) ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



## ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ (၁၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရမည်းသင်း ဩဂုတ် ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သီလဝ(၂)ရပ်ကွက်ရှိ ရွှေသင်းဘိုးဘွားရိပ်သာ(၁၅)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ရွှေသင်းဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ရွှေသင်းဘိုးဘွားရိပ်သာကော်မတီများ၊ အလှူရှင်များနှင့် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားတို့က သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဆင်ကျုံကျောင်းဆရာတော် ဦးအကိုံရထံမှ ငါးပါးသီလဆောက်တည်ကာ အနုမောဒနာတရားနာကြားသည်။

ထို့နောက် နှစ်ပတ်လည်အခမ်းအနားကိုကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်က ဂုဏ်ပြုစကားပြောကြားပြီး ရွှေသင်းဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးတင်ငွေက ဘိုးဘွားရိပ်သာရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အဘိုး၊ အဘွားများအား ပြုစုစောင့်ရှောက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဘိုးဘွားရိပ်သာရှိ အဘိုးခြောက်ဦး၊ အဘွားနှစ်ဦးတို့ကို ဂါရဝပြုပစ္စည်းများ လက်ရောက်ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာကော်မတီက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အလှူရှင်များအား ဘိုးဘွားရိပ်သာကော်မတီ အတွင်းရေးမှူး ဦးစိုးမိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

မော်လမြိုင် ဩဂုတ် ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ရွှေမြိုင်သီရိရပ်ကွက် မျှော်လင့်လမ်းမကြီးရှိ ရွှေမြိုင်သီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့၊ ဇေယျာသီရိနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းမင်းထက်က မှုခင်းကျဆင်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများအားလည်းကောင်း၊ သတင်းတု၊ သတင်းမှားများကို သိရှိနိုင်သည့်နည်းလမ်းများ၊ သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များ၊ အင်တာနက်အသုံးပြုရာတွင် မဖွယ်မရာတင်ခြင်း၊ တိုက်ခိုက်ပြောဆိုခြင်းစသည့် တည်ဆဲဥပဒေများအရ တားမြစ်အရေးယူခြင်းခံရနိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်၍လည်းကောင်း ဇေယျာသီရိ ရဲစခန်းအပိုင်နယ်မြေအတွင်းရှိ ဟိုတယ်/ မိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရပ်မိ/ ရပ်ဖ စုစုပေါင်း ၆၅ ဦးတို့အား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်းသတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်းသတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။

**သီးခြားတွေ့ဆုံ**

ချင်းမိုင်မြို့တွင် ရောက်ရှိနေစဉ်အတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်း ခွန်မဆစ်နှင့် သီးခြားတွေ့ဆုံခဲ့သည်။ ယင်းသို့တွေ့ဆုံစဉ် မြန်မာနှင့် လာအိုတို့အကြား အစဉ်အလာအရ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရေး၊ လာအိုနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများ အလုပ်လုပ်ကိုင်ခွင့်နှင့် အလုပ်သမားရေးရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ကဏ္ဍမြင့်တင် ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရေးအပါအဝင် နှစ်နိုင်ငံအပြန်အလှန်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့် အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပါဝင်တက်ရောက်**

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၁၆ ရက်တွင်ပြုလုပ်သည့် "တရုတ် - လာအို-မြန်မာ-ထိုင်း လေးနိုင်ငံ အလွတ်သဘော အစည်းအဝေး" သို့ ပါဝင်တက်ရောက်ခဲ့သည်။



တရုတ် - လာအို- မြန်မာ - ထိုင်း လေးနိုင်ငံ အလွတ်သဘော အစည်းအဝေး ကျင်းပစဉ်။

ယင်းအလွတ်သဘော အစည်းအဝေးသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ၊ လာအိုဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆလုံဆိုင်း ခွန်မဆစ်နှင့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် မစ္စစ်အက်စီရီ ပင်တာရုချီတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက မြန်မာ-တရုတ်-ထိုင်း-လာအိုလေးနိုင်ငံအကြား နယ်စပ်ဒေသတစ်လျှောက် လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးကို ထိန်းသိမ်းရန်နှင့် တရားမဝင် နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု စသည့်တရားမဝင် လုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ရေးတို့တွင် လေးနိုင်ငံအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် အမြင်ချင်းဖလှယ် ကတိပြုခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံကိစ္စနှင့် ပတ်သက်၍ အပြုသဘောပူးပေါင်းဆောင်ရွက်မှုများ ပံ့ပိုးဆောင်ရွက်သွားနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အာဆီယံ၏ တူညီဆန္ဒ (၅) ချက်တို့ အပြန်အလှန် လိုက်လျောညီစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည့် အလားအလာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဆလုံဆိုင်း ခွန်မဆစ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**❋ ရှေ့ဖုံးမှ**

ရွှေခြည်ထိုးပန်းချီကားကိုလည်း လူစိတ်ဝင်စားကြပါတယ်။ ခုနကပြောသလို ကျောက်စီပန်းချီကားတွေ၊ ကနုကမာပန်းချီကားတွေကတော့ ရွှေခြည်ထိုးထက်ပိုပြီး ဈေးနှုန်းသင့်တင့်တော့ ပိုပြီးတော့ ရောင်းရတာပေ့ါ" ဟု သုဝဏ္ဏရှိ BURMA ART ZONE ပန်းချီ၊ ပန်းပုနှင့် မြန်မာမှု အနုပညာလက်ရာအမျိုးမျိုးအရောင်းပြခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ပြင် မြန်မာ့ပန်းချီ၊ ပန်းပုလက်ရာများကို လူငယ်များ စိတ်ဝင်စားမှုများလာကာ နိုင်ငံခြားသားများလည်း စိတ်ဝင်စားမှုရှိကြပြီး လာရောက်ကြည့်ရှု ဝယ်ယူကြကြောင်း သိရသည်။

"အခုကတော့ ပန်းချီ၊ ပန်းပုတွေကို ဟိုးအရင်တုန်းကနဲ့မတူဘဲ လူငယ်တွေက အခုနောက်ပိုင်းမှာ စိတ်ဝင်စားမှုများလာကြတော့ ရောင်းလာရတယ်၊ ပြည်ပနိုင်ငံသားလည်း စိတ်ဝင်စားပြီး လာပါတယ်၊ သူတို့ဘယ်နိုင်ငံသားလဲလို့တော့ အစ်မတို့က မမေးဘူး၊ ဒီမှာရှိတဲ့သူတွေ။ အလုပ်အကိုင်နဲ့ နေတဲ့သူတွေဖြစ်မယ်။ လာကြတယ်။ တစ်ယောက်နဲ့ တစ်ယောက်လည်း မတူဘူး၊ တချို့က ပန်းချီကိုစိတ်ဝင်စားတယ်။ တချို့ကျတော့ ဆီဆေးတို့၊ ရေဆေးတို့ စိတ်ဝင်စားတယ်။ တချို့ကတော့ ရွှေချည်ထိုး စိတ်ဝင်စားကြ တယ်၊ တစ်ယောက်နဲ့ တစ်ယောက်တော့ မတူဘူး"ဟု ၎င်းကပြောသည်။

**သတင်း-Thit Taw၊ ဓာတ်ပုံ - Nway Oo**

**☆ မိုးကြိုအာလူးမှ**

ဈေးကွက်တောင်းဆိုမှုအရ အာလူးဈေးကတော့ နည်းနည်းမြင့်တက်သလို ဖြစ်တာ။ အဓိကကတော့ ဒီရာသီက အာလူးရှားတယ်၊ နှစ်လပိုင်းကနေ ခြောက်လပိုင်းလောက်အထိက အာလူးအပေါဆုံးရာသီ။ ခုနစ်လပိုင်း၊ ကိုးလပိုင်းလောက်အထိကတော့ အာလူးရှားတယ်။ ၁၁ လပိုင်း၊ ၁၂ လပိုင်းဆိုရင်တော့ ပုံမှန်ပြန်ရောက်မယ်"ဟု ၎င်းကပြောသည်။

အာလူးဝယ်လိုအားအနေဖြင့် ပြီးခဲ့သည့် မေလမှ ဇူလိုင်လပိုင်းအထိ ကာလနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ဝယ်လိုအား အနည်းငယ်လျော့ကျသော်လည်း ထွက်ရှိမှုနှုန်း နည်းပါးသည့်အတွက် ရှားပါးသည့်သဘောဖြစ်နေကြောင်းလည်းဆိုသည်။ "ဝယ်လိုအားကတော့ မြန်မာပြည်မှာက စားသုံးမှု၊ ထုတ်လုပ်မှုနဲ့ ဝယ်လိုအားကတော့ ပုံမှန်ပဲ။ ဝယ်လိုအားက ငါးလပိုင်း၊ ခြောက်လပိုင်း၊ ခုနစ်လပိုင်းနဲ့စာရင်တောင် ဝယ်လိုအားက နည်းသေးတယ်။ နည်းတယ်ဆိုပေမယ့် အာလူးထွက်တာကနည်းတော့ ရှားသလိုဖြစ်သွားတာပေ့ါလေ။ အမှန်ဝယ်လိုအားကတော့ ကျောင်းဖွင့်ရာသီဆိုရင် ကုန်ထုတ်လုပ်မှုပိုမြင့်တာ၊ ဒါပေမဲ့ စိုက်ပျိုးဖြစ်ထွန်းမှုနည်းပါးတော့ အခုလိုအချိန်ကျတော့ ရှားသလိုဖြစ် သွားတာပေ့ါ" ဟုပြောသည်။

ဩဂုတ်လနှင့် စက်တင်ဘာလပိုင်း၌ အာလူးဈေးနှုန်း ဈေးကောင်းရရှိသည့် အနေအထား၌ ထပ်မံရှိနေနိုင်ပြီး အာလူးတစ်ဖန်ပြန်လည်ထွက်ရှိမည့် နိုဝင်ဘာလ၊ ဒီဇင်ဘာလတွင် ပုံမှန်အခြေအနေပြန်ရောက်နိုင်ကြောင်းသိရသည်။

ပြီးခဲ့သည့် ဧပြီလနှင့်မေလတွင် အာလူးပေါများချိန်၌ ဈေးနှုန်းကျဆင်းခဲ့ပြီး ဇွန်လပိုင်းမှစတင်၍ ဈေးနှုန်း တဖြည်းဖြည်းပြန်လည် မြင့်တက်လာကာ ယခုလပိုင်းတွင် အမြင့်ပိုင်း၌ ရောက်ရှိနေကြောင်း သိရသည်။ **MT**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာ ပြည်သူလူထုအသိပညာပေး Bill Board များစိုက်ထူထားရှိမှု၊ သန်းခေါင်စာရင်းမေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များရိုက်နှိပ်ဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဟံသာဝတီအဝိုင်း၌လည်းကောင်း၊ ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်း၌လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်ရှေ့၌လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှေ့၌လည်းကောင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် ပြည်သူလူထုအသိပညာပေး Bill Board များ စိုက်ထူထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လူစည်ကားရာလမ်းဆုံလမ်းခွများတွင် အသိပညာပေး Bill Board များ ထပ်မံစိုက်ထူထားရှိရေးနှင့် Bill Board များ ခိုင်ခံ့မှုရှိစေရေး စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် လိုအပ်သည့်အိမ်ထောင်စုမေးခွန်းပုံစံများ၊ စာရင်းစစ်၊ စာရင်းကောက်လက်စွဲစာစောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့် သင်တန်းလက်စွဲစာစောင်များ ရိုက်နှိပ်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးနှင့် စက်ရုံတာဝန်ခံက လုပ်ငန်းအပ်နှံထားရှိမှု၊ စာစောင်အမျိုးအစားအလိုက် ရိုက်နှိပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

**အချိန်မီပြီးစီးရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မကြာမီကာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်သည့်အတွက် သတ်မှတ်ပုံစံများနှင့် လက်စွဲစာစောင်များ သတ်မှတ်အရေအတွက်နှင့် စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစားအစာတီထွင်ဆန်းသစ်မှုဌာနတွင် MSME အကျိုးပြုလုပ်ငန်းများမှ ရလဒ်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတုနည်းပညာသုတေသနဗဟိုဌာနတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေစီမံကိန်း(၂၀၂၀)ဖြင့် MSME စားသောက်ကုန်လုပ်ငန်းရှင်များကို သင်တန်းများပေးခြင်း၊ နည်းပညာများကို ပံ့ပိုးလွှဲပြောင်းပေးခြင်းနှင့် ကုန်ကြမ်းပေး-ကုန်ချောယူ ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အဆိုပါဌာနရှိ လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ၊ မျိုးဆက်သစ်လူငယ်သုတေသီများကို ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းခွင်တွင် ပျော်ရွှင်အဆင်ပြေစွာလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အခက်အခဲများကိုမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဌာနတာဝန်ခံက မဲခေါင်-လန်ချန်းစီမံကိန်းဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုမှ ရရှိသည့်အကျိုးကျေးဇူးများ၊ သစ်သီးများကို မူလအရောင်၊ အနံ့၊ အရသာမပျက်စေဘဲ အာဟာရဓာတ်များ ပြည့်ဝစွာ ကြာရှည်ခံအောင် စမ်းသပ်ထုတ်လုပ်ထားသော တန်ဖိုးမြင့်စားသောက်ကုန်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှရရှိသော ဒေသထွက်ကုန်ကြမ်းများမှ တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာကာ ပြည်တွင်းဖူလုံမှုမှသည် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်ရေး နည်းပညာများအပြင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေး ပူးပေါင်းပံ့ပိုးပေးရန်၊ နည်းပညာမြင့် ကုန်ထုတ်စက်ပစ္စည်းများကို ဆက်စပ်ဌာနများနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ သုတေသနရလဒ်များနှင့် နည်းပညာများကို စွန့်ဦးတီထွင်လုပ်ငန်းရှင်များထံ လွှဲပြောင်းပေးမှုကို မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် သုတေသီများ၏ အဖွဲ့လိုက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်နှင့်ကိုက်ညီစေရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝများ ဖွံ့ဖြိုးရေး တိုက်ရိုက်အကျိုးပြုလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားကာ တာဝန်ရှိသူများနှင့် မျိုးဆက်သစ်လူငယ်သုတေသီများကို သုတေသနဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်တက္ကသိုလ်၌ ကာယအလှမယ်ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**ပြည် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်တက္ကသိုလ်၏ (၂၅)နှစ်မြောက် ငွေရတုတက္ကသိုလ်မွေးနေ့အထိမ်းအမှတ် ကာယအလှမယ်ပြိုင်ပွဲ၊ အနုပညာ တင်ဆက်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ထိုသို့ကျင်းပရာ တက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အလိုက် ဈေးဆိုင်ခန်းများ ဖွင့်လှစ်၍ ပြည်ထမင်းသုပ်၊ ကောက်ညှင်းပေါင်း၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ရှမ်းခေါက်ဆွဲနှင့် ရခိုင်မုန့်တီအပါအဝင် မြန်မာ့ရိုးရာနှင့် တိုင်းရင်းသားရိုးရာ အစားအသောက်မျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးကာ ဈေးရောင်းပွဲတော်တွင် ဘာသာရပ်ပေါင်းစုံမိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ပြည်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသက်လွင်နှင့်ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံအရာရှိများနှင့် ပါမောက္ခ(ဌာနမှူး)များ၊ ပြည်မြို့ရှိ တက္ကသိုလ်နှင့်ဒီဂရီကောလိပ် အသီးသီးမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဈေးရောင်းပွဲတော် ဆင်နွှဲနေမှုနှင့် သီရေတာခန်းမဆောင်၌ သချ်ာဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။




ထို့နောက် ကာယအလှမယ်ပြိုင်ပွဲနှင့် အနုပညာတင်ဆက်ပွဲကို ဘက်စုံသုံးခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးသည်။ ထို့နောက် ပြည်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာသက်လွင်က အမှာစကားပြောကြားသည်။

ယင်းနောက် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ပျူအက၊ မြန်မာ့ရိုးရာမိုးဇာပြောအက၊ ကရင်ရိုးရာဒုံးယိမ်းအက၊ သာစွဌာနေရာမည မြေ မွန်ရိုးရာအကအလှနှင့် မြန်မာသံစဉ်နှင့် ခေတ်ပေါ်တေးသီချင်း သီဆိုဖျော်ဖြေမှုများအပါအဝင် ကဏ္ဍစုံ အဆို၊ အတီး၊ အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ဆက်လက်၍ ပြည်တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ကျောင်းသူများ၏ ကာယအလှမယ်ပြိုင်ပွဲကျင်းပခဲ့ပြီး ပထမ၊ ဒုတိယနှင့်တတိယဆုများကို အကဲဖြတ်ဒိုင်အဖွဲ့ဖြင့် အမှတ်ပေးရွေးချယ် ကာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ၂၀၂၄ ခုနှစ် ဇူလိုင်လတွင်ကျင်းပခဲ့သည့် ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲရလဒ် ကြည့်ရှုနိုင်မည့်ရက် ကြေညာ

**ရန်ကုန် ဩဂုတ် ၁၈**

၂၀၂၄ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကျင်းပခဲ့သော ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)၏ Online Result (ရလဒ်)များကို ဩဂုတ် ၂၆ ရက် နံနက် ၇ နာရီခွဲ (ဂျပန်စံတော်ချိန် နံနက် ၁၀:၀၀ နာရီ) မှစတင်၍ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

Result ကြည့်ရှုရမည့် link မှာ https://www.jlpt.jp/e/guideline/results_online.html ဖြစ်ပြီး အဆိုပါလင့်ခ်မှတစ်ဆင့်> other countries > Test Result > မိမိခုံနံပါတ်နှင့် Passcode ရှစ်လုံး ရိုက်ထည့်ကြည့်ရှုရမည်။

Passcode ရှစ်လုံး မပြည့်သူများ၊ လုံးဝမဖြည့်သွင်းခဲ့သူများ၊ သတ်မှတ်ထားသည့် ဂဏန်းများမဟုတ်ဘဲ Alphabet များ ပါဝင်နေသည့် Passcode များဖြစ်ပါက Online Result ကြည့်ရှုနိုင်မည်မဟုတ်ပါ။

Online Result များကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲ (ဂျပန်စံတော်ချိန် ညနေ ၅:၀၀ နာရီ)အထိ ကြည့်ရှုနိုင်မည်ဖြစ်သည်။

Certificate များရောက်ရှိပါက ထုတ်ယူနိုင်ရန်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းက ကြေညာထားသည်။

**မျိုးမင်းသူရ**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မကုဋာရာမ မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် သီရိလင်္ကာနိုင်ငံသို့ထွက်ခွာ



ရန်ကုန် ဩဂုတ် ၁၈

သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ဩဂုတ် ၂၀ ရက်မှ ၂၁ ရက်အထိကျင်းပမည့် မြန်မာဆရာတော်ကြီး ဘဒ္ဒန္တဝိနယာလင်္ကာရ တည်ထောင်တော်မူခဲ့သော မြန်မာ့ဂုဏ်ဆောင် မ ကုဋ္ဌာရာမ မြန်မာကျောင်းတိုက်ကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် အခြားသာသနာရေးဆိုင်ရာ အခမ်းအနားများ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သန်လျင်မြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ဆိပ်ကျေးရွာရှိ မွေးမြူထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သောအရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး LY မျိုးဝက်မ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းသိန်းဦးနှင့် တာဝန်ရှိသူများသည် ကရင်ဆိပ်ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းချေးငွေကျပ် သိန်း ၂၀၀၊ အသင်းဝင်များ၏ မတည်ငွေများဖြင့် ကြီးပွားချမ်းသာအဖွဲ့၊ အလင်းရောင်အဖွဲ့၊ ရွှေရတနာအဖွဲ့၊ ဆန္ဒအောင်အဖွဲ့များက LYမျိုးဝက်မ မွေးမြူထားရှိမှုနှင့် ဝက်စာများသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

 JJJ

## ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

### မြန်မာဗျည်းအက္ခရာများ

(ယမန်နေ့မှအဆက်)

**င/ ငေါ် /**

င သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ငါးလုံးမြောက်ဗျည်းအက္ခရာ ဖြစ်သည်။ နာမည်သီးခြားမရှိဘဲ င ဟုပင် ခေါ်သည်။ ကဝဂ်ဗျည်း ငါးလုံးတွင် ပဥ္စမဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ပဥ္စမက္ခရာဟု ခေါ်သည်။ ကဝဂ်တွင် နောက်ဆုံးဗျည်းအက္ခရာဖြစ်ခြင်းကြောင့် ဝဂ္ဂန္တဗျည်းဟုလည်းခေါ်သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ င ဗျည်းသည် အာခေါင်ပျော့တွင် ဖြစ်သော်လည်း အခြားအာခေါင်ပျော့ဗျည်းများနှင့် မတူပါ။ င ဗျည်းရွတ်ဆိုက နှာခေါင်းမှလေထုတ်သည်မှာ ထင်ရှားသဖြင့် နှာသံဗျည်းဟု သတ်မှတ်သည်။ အာခေါင်ပျော့နှင့် နှာခေါင်းတို့ နှစ်နေရာတွဲဖြစ်သောကြောင့် ဒွိဇဗျည်းဟုလည်း ခေါ်သေးသည်။ င ဗျည်းအက္ခရာနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “င အက္ခရာ၌ သင်္ကေတကား ‘ဝန်းရစ္စန်း သည် ဝတကား၊ အရင်းစမူ င တကား’ဟူ၍ ရှေးသူဟောင်းတို့ စကားထာဆိုသော အရာကိုထောက်၍ ဝအက္ခရာကဲ့သို့ ညီဝန်းစွာရေးသည်တွင် နောက်အဖို့ကို ချေဖျက်၍ထား၏ သို့ရေးလို၏”ဟူ၍ ဆိုထားပါသည်။

င သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**စ/ စလုန်း /**

**စ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ခြောက်လုံးမြောက်ဗျည်းအက္ခရာ ဖြစ်သည်။ စလုံးဟုခေါ်သည်။ လုံးလုံးဝန်းဝန်းဖြစ်သော စ ဟုဆိုလိုသည်။ စ ဆ ဇ ဈ ည ဟူသော စဝဂ် ဗျည်းအက္ခရာငါးလုံးတွင် ပထမဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် စဝဂ်၏ ပထမက္ခရာ ဟုခေါ်သည်။ သံနု့သံလျော့ဗျည်းဖြစ်သည်။ ပါဠိဘာသာဖြင့် အဃောသသိထိလဖြစ်သည်။ အနက်အဓိပ္ပာယ်အရသော် သုဒ္ဓဗျည်း ဖြစ်သည်။ စ ၏ ကာရိုက်ဗျည်းမှာ ဆ ဖြစ်သည်။ ပါဠိဘာသာတွင် စ ဆ ဇ ဈ ည ဟူသော စဝဂ်အက္ခရာငါးလုံးသည် တာလုဇအက္ခရာများဖြစ်သည်။ အာစောက်ဖြစ် အက္ခရာများဖြစ်သည်။ ပါဠိဘာသာတွင် ကျ ချ ဂျ ဃျ ငျ (တျ ထျ ဒျ ဓျ နျ) ဟု အသံထွက်သဖြင့် တာလုဇအက္ခရာဟု သတ်မှတ်သည်။ မြန်မာဘာသာတွင်မူ မြန်မာတို့က စ ဆ ဇ ဈ ည ဟုပင် အသံထွက်သည်။ ထို့ကြောင့် စ ဆ ဇ ဈ သည် သွားရင်းအရပ်တွင် အသံဖြစ်သဖြင့် သွားရင်းဌာန်ဖြစ် အက္ခရာများဟု ဆိုရသည်။ ည ကိုမူ အာစောက်ဖြစ် အက္ခရာဟုပင် သတ်မှတ်သည်။ စလုံးနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “စလုံးအက္ခရာ၌ သင်္ကေတကား နိသံယောဂ သံယောဂဟူ၍ အသွင်မဖောက်။ အချို့သောသူတို့သည် ရှေ့အဖို့အတွင်း၌ အဆန်ထည့်မည့်အတွက်ကို အတွင်းသို့ အတန်ငယ် အကွေးအညွတ်ဝင်စေလျက် ရေးမှတ်ကုန်၏။ စလုံးဟူသောဝေါဟာရကိုလိုက်လျှင် အလုံးညီညာစွာရေးရမည်ကို ညွတ်ပြန်ယိုင်ပြန်သည်ဟူ၍ ဆိုပါရသည်သာ။ ဆရာ့နည်း အထူးမထင်သောကြောင့် ကျွမ်းကျင်လေ့လာသည်သာ ပမာဏကဲ့သို့ရှိ၏”ဟု ရှင်းပြပါသည်။

**စလုံး**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**ဆ/ ဆ့ာလိန် /**

**ဆ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ခုနစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဆလိမ်ဟုခေါ်သည်။ လိမ်နေသော ဆ၊ အလိမ်ပါသောဆဟု ဆိုလိုသည်။ ဆလိမ်တွင် ယခုအခါ လိမ်နေသောအသွင်၊ အလိမ်သဏ္ဌာန်ကို မတွေ့ရသော်လည်း ပုဂံခေတ်၊ ပင်းယခေတ် စသော ရှေးကျောက်စာများတွင် အလိမ်ပါသော၊ လိမ်နေသောပုံသဏ္ဌာန်ရှိ ဆလိမ်များကို တွေ့နိုင်ပါသည်။ ကြိုးကွင်းတစ်ကွင်းကို တစ်ချက်လိမ်ထားသကဲ့သို့ဖြစ်သည်။ စဝဂ်ဗျည်းငါးလုံးတွင် ဒုတိယဗျည်းအက္ခရာဖြစ်သောကြောင့် စဝဂ်ဒုတိယက္ခရာဟု ခေါ်သည်။ သံနု့သံတင်းဗျည်းဖြစ်သည်။ သွားရင်းဌာန်တွင်ဖြစ်သည်။ အနက်အဓိပ္ပာယ်အားဖြင့် ကာရိုက်ဗျည်းဖြစ်သည်။ ပါဠိဘာသာတွင် ဆ ကို ချဟု အသံထွက်သဖြင့် တာလုဇအက္ခရာ အာစောက်ဗျည်းဟု သတ်မှတ်သည်။ ဆလိမ်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဆလိမ်အက္ခရာ၌ လည်းသင်္ကေတ အထူးမထင်၊ ရှေ့အဖို့၌ အောက်အစွန်းမှ အတွင်းသို့ အတန်ငယ်လိမ်၍ ခွေညွတ်ဝင်စေလျက်ရေးလျှင် ဆလိမ်ဟူသော ဝေါဟာရနှင့်အညီ သဘောကျရာတော့သည်”ဟု ရှင်းပြထားပါသည်။ ဆရာတော်ဘုရားတို့ခေတ်က ဆလိမ်တွင် အလိမ်ပါနေသည်ဟု ဆိုရပါမည်။ ယခုအခါ ဆလိမ်သည် ခခွေးတွင် ဝအက္ခရာ ဆက်ထားသကဲ့သို့ ဖြစ်သည်။

**ဆလိမ်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

**ဇ/ ဇ့ာဂွဲ /**

**ဇ** သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ရှစ်လုံးမြောက်ဗျည်းအက္ခရာဖြစ်သည်။ ဇကွဲဟုခေါ်သည်။ ကွဲနေသော ဇ၊ အကွဲပါသော ဇ ဟု ဆိုလိုသည်။ ယခုအခါ ဇကွဲတွင် ကွဲနေသော အသွင်၊ အကွဲသဏ္ဌာန်ကို မတွေ့ရသော်လည်း ပုဂံခေတ်၊ ပင်းယခေတ် စသော ရှေးကျောက်စာများတွင် အကွဲပါသော ဇကွဲများကို တွေ့ရပါသည်။ င အက္ခရာမျက်နှာမူရာဘက် အပွင့်အဟတွင် မျဉ်းတိုကလေးပါသဖြင့် အဝကို အထက်အောက်ခွဲထားသကဲ့သို့ ဖြစ်နေသည်။ ကွဲနေသည့်သဏ္ဌာန် ဖြစ်နေသည်။ စဝဂ်ဗျည်းငါးလုံးတွင် တတိယဗျည်းအက္ခရာဖြစ်သောကြောင့် စဝဂ်၏ တတိယက္ခရာဟု ခေါ် သည်။ သံထင်သံလျော့ဗျည်းဖြစ်သည်။ ဃောသသိထိလအက္ခရာ ဖြစ်သည်။ ဇကွဲသည် သွားရင်းဌာန်ဖြစ်အက္ခရာဖြစ်သည်။ ပါဠိဘာသာတွင်မူ ဂျ ဟု အသံထွက်သဖြင့် အာစောက်ဗျည်းဟု သတ်မှတ်သည်။ တာလုဇဗျည်းဖြစ်သည်။ ဇကွဲနှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် “ဇကွဲအက္ခရာ၌ သင်္ကေတကား ယေဘုယျအားဖြင့် ရှေးစာဟောင်းတို့၌ အောက်အစွန်းကိုအတွင်းသို့ အတန်ငယ်သွင်း၍ အညွန့်အမြီးကိုလည်း အတန်ငယ်အောက်သို့ ညွတ်၍ဝင်စေသည်။ နောက်နောက်သော သူတို့ကား အထက်အစွန်းကို အတွင်းသို့ ခွေလိပ်ပင့်၍အပြင်သို့ အညွန့်အမြီးထွက်စေသည်။ မွန်တို့ကား အထက်အစွန်းကို အတွင်းသို့ အတန်ငယ်သွင်း၍ အညွန့်အမြီးကို အတန်ငယ်အောက်သို့ ညွတ်စေဆင်းစေသည်။ ထိုတွင် ဇကွဲဟူသော ဝေါဟာရနှင့်အညီ ကွဲသောအရိပ်သည် ရှေးစာဟောင်းတို့၌ အရေး၊ မွန်တို့၏ အရေး၌ ထင်သောကြောင့်လည်းကောင်း၊ သုံးစွဲရေးမှတ်သော အစဉ်ရှည်လျားအံ့ဖြစ်၍လည်းကောင်း သင့်နိုးအံ့သည်။ လိမ်၍ထုတ်သော အရေးကားယှက်လိမ်ရအံ့သော ဥပဒေသဝေါဟာရ မထင်သောကြောင့်လည်းကောင်း၊ နောက်နောက်သောသူတို့၌ဖြစ်၍ ပညာနည်းလျော့သောအခါ ရောက်ရာခဲ့သောကြောင့်လည်းကောင်း လိမ်၍ ထုတ်အံ့သောအရေးသည် သင့်အံ့သို့မထင်”ဟူ၍ ရှင်းပြခဲ့ပါသည်။

**ဇကွဲ**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မိခင်နို့တိုက်ကျွေးခြင်းနှင့် အကျိုးဆက်များ

ညွန့်ဝင်း (နတ်တလင်း)

ယနေ့ခေတ်တွင် သိပ္ပံနှင့် နည်းပညာများ တိုးတက်ထွန်းကားလာသော်လည်း ထိုပညာများဖြင့် မဖန်တီးနိုင်သောအရာများရှိနေသည်။ ထိုအထဲတွင် မိခင်၏နို့ရည်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဆေးသိပ္ပံပညာများ မည်မျှပင်တိုးတက်စေကာမူ ယင်းဆေးပညာများဖြင့် မိခင်နို့ရည်နှင့် အစွမ်းအာနိသင် တစ်ထပ်တည်းတူညီသော နို့ရည်ကို မဖန်တီးမထုတ်လုပ်နိုင်ပါ။ မိခင်၏နို့ရည်သည် မေတ္တာ၊ စေတနာ၊ ကရုဏာများဖြင့် ပေါင်းစပ်ထွက်ပေါ်လာသော မိခင်၏ နှလုံးသွေးအဖြူပင်ဖြစ်သည်။ သားသမီးငယ်တို့ သောက်သုံးရှင်သန်ကြီးထွားရန်အတွက် မိခင်၏ အနီရောင်နှလုံးသွေးရည်များသည် မိခင်၏မေတ္တာတန်ခိုးကြောင့် ချိုမြိန်၍ အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ဖြစ်သွားရပါသည်။




### မွေးကင်းစမှ ကလေးအသက်နှစ်နှစ်၊ သုံးနှစ်အထိ တိုက်ကျွေးသင့်

အချို့သောသူများတွင် ကလေးငယ်ကို မိခင်နို့ချိုတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ မှားယွင်းသော အတွေးအခေါ်အယူအဆများ၊ လုပ်ရပ်အမှားများ ရှိနေပါသည်။ မွေးကင်းစကလေးငယ်ကို မိခင်နို့ရည်တိုက်ကျွေးခြင်းဖြင့် လုံလောက်သောအာဟာရ မရရှိနိုင်ဟူသော အယူအဆဖြစ်သည်။ စနစ်ဟောင်းခေတ်ဟောင်းမှ အရိုးစွဲပါလာသော အယူအဆမှားများဖြစ်သည်။ အမှန်စင်စစ် ကလေးငယ်မွေးစမှ ခြောက်လအထိ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးရုံဖြင့် လိုအပ်သော အာဟာရဓာတ်ကို ရရှိသည်။ ကလေးငယ် အသက်ခြောက်လကျော်မှသာ အခြားသင့်တော်သောဖြည့်စွက်စာများ တွဲဖက်ကျွေးနိုင်သည်။ သို့သော်လည်း မိခင်နို့ရည်ကို ဆက်လက်တိုက်ကျွေးပေးနေရမည် ဖြစ်သည်။ မိခင်နို့တိုက်ကျွေးရာတွင် မွေးကင်းစမှ ကလေးအသက်နှစ်နှစ်၊ သုံးနှစ်အထိ တိုက်ကျွေးသင့်သည်ဟု ပညာရှင်များက ဆိုပါသည်။ ကလေးအသက်နှစ်နှစ်၊ သုံးနှစ်အရွယ်သည် ကြီးထွားဖွံ့ဖြိုးမှု မြန်ဆန်သည့်အရွယ်ဖြစ်၍ မိခင်နို့ရည်သည် ကလေးငယ်အတွက် များစွာအထောက်အကူဖြစ်သည်။

မိခင်နို့ရည်တွင် အာဟာရဓာတ်များနှင့်အတူ ရေဓာတ်လည်း ၈၇ ရာခိုင်နှုန်းပါဝင်သည်။ ထို့ကြောင့် ကလေးငယ်အတွက် အာဟာရဓာတ်သာမက ရေဓာတ်ကိုပါ ဖြည့်ဆည်းပေးနိုင်သည်။ ပူပြင်းသော နွေရာသီ၌ပင်လျှင် ကလေးငယ် ရေမငတ်နိုင်ပေ။

**❝ မိခင်နို့ရည်သည် ကလေးငယ်ကို အာဟာရပေးရုံသာမက ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အသက်ရှုလမ်းကြောင်းပိုးဝင်ခြင်းဆိုင်ရာရောဂါများနှင့် အခြားရောဂါများကို တားဆီးကာကွယ်ပေးနိုင်သည့် အစွမ်းသတ္တိထူးများရှိသည်။ ကလေးငယ်၏ သွေးသားထဲတွင် မိခင်၏ နို့ရည်အာဟာရများ စီးဝင်လှည့်ပတ်နေပြီဆိုလျှင် ကလေးငယ်၏ ဘဝတစ်ခုလုံး မဟာတံတိုင်းကြီးကာရံထားသကဲ့သို့ လုံခြုံအေးချမ်းနေပေသည်။ ထို့ကြောင့် ကလေးငယ်သည် အားငယ်ကြောက်ရွံ့မှုများ ကင်းဝေးကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝရှိနေ ❞**

ထို့အပြင် မွေးကင်းစကလေးငယ်များ အသက်ရှင်သန်စေလိုလျှင် မိခင်နို့ရည်ကို တိုက်ဖြစ်အောင် တိုက်ကျွေးရန် လိုအပ်ပါသည်ဟု ဆေးပညာရှင်များက သုတေသနပြုလုပ်ချက်သက်သေများဖြင့် တိုက်တွန်းပြောကြားခဲ့ပေသည်။ ကလေးငယ်ကို မွေးပြီးပြီးချင်း အချိန်တစ်နာရီအတွင်း မိခင်၏နို့ဦးရည်ကို တိုက်ကျွေးခြင်းသည် မွေးကင်းစကလေးငယ်များ သေဆုံးမှုနှုန်းကို သိသာစွာလျော့ကျစေသည်ဟု ဆိုပါသည်။ မိခင်နို့ရည်ကို ကလေးငယ်အား တိုက်ကျွေးခြင်းဖြင့် ကလေးငယ်အတွက် ကောင်းမွန်သောစိတ်ပိုင်းဆိုင်ရာ အကျိုးဆက်များ ရရှိစေနိုင်သည်။ မိခင်က ကလေးငယ်ကို ရင်ခွင်တွင် ယုယပိုက်ထွေးလျက် နို့ချိုတိုက်ကျွေးစဉ် မိမိ၏ရင်သွေးကို တစိမ့်စိမ့်ရှုကြည့်ကာ နှလုံးသားမှ အကြင်နာမေတ္တာဓာတ်များ တဖွားဖွားပေါ်ပေါက်နေမည်ဖြစ်သည်။ ထို့အတူ ကလေးငယ်ကလည်း မိခင်၏ မေတ္တာကရုဏာကို အကြွင်းမဲ့နားမလည်သည့်တိုင် မိခင်အပေါ် ချစ်ခင်အားကိုးမှုဖြင့် မေတ္တာသံယောဇဉ်တို့ ပြန်လည်ရစ်ပတ်နှောင်တွယ်နေလိမ့်မည် ဖြစ်သည်။

မိခင်နို့ရည်သည် ကလေးငယ်ကို အာဟာရပေးရုံသာမက ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အသက်ရှုလမ်းကြောင်း ပိုးဝင်ခြင်းဆိုင်ရာရောဂါများနှင့် အခြားရောဂါများကို တားဆီးကာကွယ်ပေးနိုင်သည့် အစွမ်းသတ္တိထူးများရှိသည်။ ကလေးငယ်၏ သွေးသားထဲတွင် မိခင်၏ နို့ရည်အာဟာရများ စီးဝင်လှည့်ပတ်နေပြီဆိုလျှင် ကလေးငယ်၏ ဘဝတစ်ခုလုံး မဟာတံတိုင်းကြီးကာရံထားသကဲ့သို့ လုံခြုံအေးချမ်းနေပေသည်။ ထို့ကြောင့် ကလေးငယ်သည် အားငယ်ကြောက်ရွံ့မှုများ ကင်းဝေးကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်အဝ ရှိနေပါသည်။

မိခင်နို့ရည်တွင် ဤသို့သော အာနိသင်ထူးများ ရှိနေသော်လည်း ယခုအခါ ကမ္ဘာပေါ်တွင် အချို့မိခင်များသည် ကျန်းမာရေးကိစ္စ၊ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စတို့ကို ရှေ့တန်းတင်ကာ မိမိတို့၏ ကလေးငယ်များကို နို့ချိုတိုက်ကျွေးရန် ဝန်လေးနေကြသည်။ မည်သို့ပင်ဖြစ်စေ မိခင်၏ကျန်းမာရေးအခြေအနေကြောင့် နို့မထွက်မှသာ အခြားနည်းလမ်းကို စဉ်းစားသင့်သည်။ သို့ရာတွင် မိခင်အများစုသည် မိမိ၏ရင်သွေးကို နို့ချိုတိုက်ကျွေးလိုသည့် မေတ္တာစေတနာဖြင့်ပင် အခက်အခဲအားလုံးကို ကျော်လွှားနိုင်ကြသည်ပင် ဖြစ်သည်။

### မိခင်နို့မစို့ရသောကလေးတို့၏ စိတ်ဓာတ်နှင့် အမူအကျင့်

နို့ချိုမတိုက်ကျွေးဘဲ အခြားအာဟာရများဖြင့် အစားထိုးဖြေရှင်းခြင်း၏ အကျိုးဆက်အဖြစ် မွေးကင်းစကလေးများ သေနှုန်းမြင့်မားလာကြောင်း တွေ့ရသည်။ နို့ချိုတိုက်ကျွေးခြင်းမခံရသော ကလေးများသည် မသေပျောက်လျှင်လည်း ရောဂါအမျိုးမျိုး ထူပြော၍ ကြီးထွားမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့ကို ထိခိုက်စေလေသည်။ ထို့အပြင် နောက်ထပ်ဆိုးရွားသည့်ပြဿနာတစ်ရပ်မှာ မိခင်နို့မစို့ရသောကလေးတို့၏ စိတ်ဓာတ်နှင့် အမူအကျင့်တို့သည် ခက်ထန်ရိုင်းစိုင်းနေတတ်ခြင်းပင်ဖြစ်သည်။ လူမှုဗေဒပညာရှင်များသည် အချိန်ကာလအစောပိုင်းကပင် ယင်းပြဿနာကို ကောင်းစွာသတိပြုမိခဲ့ကြသည်။ သားသမီးတို့က မိဘတို့အပေါ် တစ်စတစ်စ အရိုအသေတန်လာကြခြင်းမှာ ငယ်စဉ်က မိခင်နို့ရည်ကို မသောက်သုံးခဲ့ရခြင်းကြောင့်ဟု သုံးသပ်ခဲ့ကြသည်။ ထို့ကြောင့် ကလေးငယ်ကို မိခင်နို့တိုက်ကျွေးမှုပျက်ယွင်းခဲ့ခြင်းသည် သားသမီးနှင့် မိဘအကြား ခိုင်မြဲမည့် မေတ္တာနှောင်ဖွဲ့မှုကို ပျက်ပြားစေပြီး မေတ္တာကရုဏာခေါင်းပါးသည့် လူ့အဖွဲ့အစည်းဆီသို့ ဦးတည်နေမည်ဖြစ်သည်။

### မိခင်နို့ အောင်မြင်စွာ တိုက်ကျွေးရေးအဆင့် ၁၀ ဆင့်

ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ မူဝါဒများချမှတ်၍ မိခင်နို့အောင်မြင်စွာတိုက်ကျွေးရေးအဆင့် ၁၀ ဆင့်ကို မြှင့်တင်ပေးခဲ့သည်။ မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ လုပ်ဆောင်ဖွယ်ရာများ အောင်မြင်စေရန် မိခင်လောင်းများကို သင်တန်းအမျိုးမျိုး ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်များ အသိပညာဗဟုသုတပြည့်ဝစေရန် စဉ်ဆက်မပြတ် လမ်းညွှန်ပေးလျက် မိခင်နို့ စနစ်တကျတိုက်ကျွေးနိုင်ရေးအတွက် မိခင်နို့တိုက်ကျွေးရေးအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားစေလျက်ရှိသည်။

ပြင်သစ်စစ်ဘုရင်ကြီး နပိုလီယံက “ကလေးငယ်တစ်ယောက်၏ အနာဂတ်ပန်းတိုင်သည် မိခင်တစ်ယောက်၏ ဗိသုကာလက်ရာဖြစ်၏။”ဟု ဆိုခဲ့သည်။ ထို့ကြောင့် မိခင်တို့သည် မည်မျှကြီးလေးသော တာဝန်ဝတ္တရားများကို များပြားစွာထမ်းဆောင်နေရပါစေ၊ မိမိတို့၏ ကလေးငယ်များကို အခက်အခဲများကြားမှပင် အချိန်ပေးကာ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် နို့ချိုတိုက်ကျွေးသင့်ကြပါသည်။ သို့ဆိုလျှင် အာဟာရပြည့်ဝသော မေတ္တာကရုဏာအပြည့်အဝရရှိသော ရင်သွေးငယ်များအဖြစ် မွေးဖွားကြီးပြင်းလာ၍ စွမ်းရည်ထက်မြက်မြင့်မားသည့် လူတော်လူကောင်းကလေးများ ဖြစ်လာကြပြီး မိခင်၏ ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်သည် ဆိုသည်မှာလည်း အမှန်ပင်ဖြစ်နေပေလိမ့်မည်။ ။

---

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှတာဝန်ရှိသူများ၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ၊ လျှပ်စစ်အင်ဂျင်နီယာတို့ လိုက်ပါလျက် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ ရုံးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်စစ်ဆေးဖော်ထုတ်ရေး၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေးတို့အား အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး MYANMAR ELECTRIC BILL (MEB) Software မှ ၂၀၂၄ ခုနှစ် ဇူလိုင်လကုန်ရက် စာရင်းချုပ်အား တွက်ချက်မှုကို စစ်ဆေးသည်။

ထို့နောက် ရုံးတွင်း/ရုံးပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဓာတ်အားခကောက်ခံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စတိုအတွင်းရှိ ပစ္စည်းအသစ်များ၊ ဆယ်တင်ပစ္စည်းများအား လေလွင့်ပျက်စီးဆုံးရှုံးမှုများမဖြစ်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျထိန်းသိမ်းထားရှိရေး၊ ကောက်ခံရရှိငွေများကို လယ်ဂျာများနှင့်ကိုက်ညီအောင် စာရင်းဇယားများအား မှန်မှန်ကန်ကန် ရေးသွင်းရေးတို့အတွက် တာဝန်ရှိသူအဆင့်ဆင့်မှ အမြဲမပြတ် စစ်ဆေးကြပ်မတ်ရန် အသေးစိတ်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်**



# စစ်ကိုင်းမြို့၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကျင်းပ



မုံရွာ ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ တိုင်းဒေသကြီးအဆင့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု Video Click အား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးက စံပြမိခင်ဆု ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသောမိခင်များအား အမှတ်တရဂုဏ်ပြု လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အသက် ငါးနှစ်အောက် ကလေးငယ်များအား အင်အားပြည့်ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်အားဆေးနှင့် အာဟာရဖြည့်စာများ ပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး၊ ဆရာဝန်ကြီးများနှင့် သူနာပြုများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများနှင့် မွေးကင်းစ ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ လိုက်လံပေးအပ်ကြပြီး အားပေးစကားများပြောကြားကာ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးစိုးကြည် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ မင်္ဂလာသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း၊ အမှုထမ်းအိမ်ရာများနှင့် အဆောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးက ဝန်ထမ်းအိမ်ရာနှင့် အဆောင်များတွင် မသက်ဆိုင်သူများ ဝင်ရောက်နေထိုင်မှုမရှိစေရေး စိစစ်ကြပ်မတ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်နေထိုင်သူများအနေဖြင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ သန့်ရှင်းသပ်ရပ်ပြီး နေချင်စဖွယ်ဖြစ်စေရန်နှင့် ခြင်အန္တရာယ် ကင်းဝေးစေရန်အတွက် အုပ်ဆိုင်းနေသော အပင်များအား အလင်းဖွင့်ခြင်း၊ ရေမြောင်းများ ရေစီးရေလာကောင်းစေရန် ဆောင်ရွက်ခြင်းများ ပူးပေါင်းဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး အထူးအလေးထား နေထိုင်ကြရန်နှင့် ရေကိုအကျိုးရှိရှိ ချွေတာသုံးစွဲကြရန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသော အိမ်ရာစည်းကမ်းများအတိုင်း လိုက်နာနေထိုင်ကြရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးအသိ လုံခြုံရေးသတိရှိရှိ နေထိုင်သွားကြရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အိမ်ရာကြီးကြပ်သူ တိုက်တာဝန်ခံများ၊ နေထိုင်သူဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အိမ်ရာအလိုက် ဝန်ထမ်းမိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မအူပင် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မအူပင်မြို့ တိုးရွှေဝါခန်းမရှေ့၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမြင့်နိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးနိုင်လွင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာအဆင့် (၁၀-၁၅)နှစ်မှ မရွှန်းလဲ့မေက "နှလုံးသားကို အလှဆင်ပါမယ်" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အဆင့်မြင့်ပညာမှ မောင်လှထွန်းခိုင်ဦးက အကဖြင့် ကပြဖျော်ဖြေသည်။

အဆိုပါ ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# ပုသိမ်ခရိုင်အဆင့် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



ပုသိမ် ဩဂုတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရည်မွန်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး စောအောင်သိုက်၊ အဖွဲ့ဝင်(၂) ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ပညာအလင်္ကာတေးဂီတအဖွဲ့က ဂုဏ်ပြုပန်းတိုင်ဧရာဝတီ သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ပုသိမ်ခရိုင်အဆင့်ပြိုင်ပွဲတွင် ပုသိမ်၊ ကန်ကြီးထောင့်၊ သာပေါင်း၊ ငပုတောမြို့နယ်တို့မှ အဆို ၁၃ ဦး၊ အက ခြောက်ဦး၊ ရုပ်သေး တစ်ဦး၊ ကဗျာလွတ် လေးဖွဲ့၊ အရေး သုံးဦး၊ အတီး ၂၁ ဦး၊ အဖွဲ့လိုက် လေးဖွဲ့ စုစုပေါင်း ပြိုင်ပွဲဝင် ၁၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# သရက်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ

သရက် ဩဂုတ် ၁၈

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မှခ်ဦးအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ ပညာရေးဌာနပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံပြခန်း၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပြခန်း၊ သစ်တောဦးစီးဌာနပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ကျောင်းစာကြည့်တိုက်၊ ဂိမ်းကစားပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများ ဝေငှပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအစီအစဉ်ကို သရက်ခရိုင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။



ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး စာပေဟောပြောပွဲတွင် ပါဝင်ကူညီခဲ့သည့် စာရေးဆရာ အောင်ကျော်စိုး(သရက်)အား အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ စာပေဆိုင်ရာ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စကားရည်လုပြိုင်ပွဲတွင် ဆုရရှိသူများကိုလည်းကောင်း၊ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်းခဲ့သည်။

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဩဂုတ် ၁၇ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့ပြီး အဆိုပါပွဲတော်တွင် စာဖတ်ဝိုင်း၊ စာပေဆိုင်ရာ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဌာနဆိုင်ရာပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုင်းတုံမြို့၌ မိုးစပါးအထွက်နှုန်းရရှိရေး စံပြကွက် မြေသြဇာကြဲပက်နေမှု ကြည့်ရှုအားပေး

မိုင်းတုံ ဩဂုတ် ၁၈

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများသည် ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက မိုင်းတုံမြို့ မြို့မကျေးရွာအုပ်စု တောင်သူဦးဘောဂ၏မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ဆင်းဇေရီ ၃ စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးသည်။

မိုင်းတုံမြို့တွင် မိုးစပါးစိုက်ဧက ၂၅၅၄ဧက ရှိပြီး မိုးစပါးပြီးပါက ကြက်သွန်ဖြူ ဧက ၁၄၉၀၀၊ နေကြာ သီးထပ်သီးညှပ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုံပါကျင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒေသဖွံ့ဖြိုးရေလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဒေသလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပုံပါကျင်မြို့ ဌာနဆိုင်ရာများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ ပုံပါကျင်မြို့အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နားကောင်းမူးစက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းသို့ သွားရောက်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး စက်မှုအထက်တန်းကျောင်း နည်းပြဆရာမများက ကျောင်း၏ လိုအပ်ချက်များ တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ပညာရေးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး စက်မှုဘာသာရပ် တက်ရောက်နေသည့် ကျောင်းသားကျောင်းသူများကို အားပေးစကား ပြောကြားကာ ကျောင်း စာသင်ခန်းများအား လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းတုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်နေသော မဲကင်(ဝမ်မိုင်) - နားပါကော်ကျေးရွာလမ်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မိုင်းတုံကျေးလက်လမ်း ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မဲကင်(ဝမ်မိုင်) - နားပါကော်ကျေးရွာလမ်းသည် ကျောက်ခင်းလမ်းမှ ကတ္တရာခင်းခြင်း ၁/၂မိုင်အား ရန်ပုံငွေကျပ် ၂၉၂ ဒသမ ၄၅၀ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၉ ရက်မှ ၂၅ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၈

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

**ပြင်ပအလင်းရောင်ကို အသုံးချပါ။ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ရန်ကုန်တိုင်းဒေသကြီးတွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်း ဒေသကြီးတွင် ကမ္ဘာ့ မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက လမ်းမတော်မြို့နယ် သူနာပြု တက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့် အမှာစကားပြောကြားရာ နှစ်စဉ် ဩဂုတ်လအတွင်း ပထမ ရက်သတ္တပတ်ကို မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေးလှုပ်ရှားမှု ရက်သတ္တပတ်များအဖြစ်၊ ဒုတိယ ရက်သတ္တပတ်ကို ငါးနှစ်အောက် နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယ ရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထ ရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ မှုပပျောက်ရေးရက်သတ္တပတ်များ အနေဖြင့် သတ်မှတ်ဆောင်ရွက် လျက်ရှိရာ ယနေ့တွင် ရန်ကုန် တိုင်းဒေသကြီး၌ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် များလှုပ်ရှားမှုအဖြစ် အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်း ပြောကြား သည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် များလှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဗီဒီယိုအားပြသပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကိုယ်ဝန်ဆောင်မိခင်များအတွက် အာဟာရဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသ ကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီး များ၊ တိုင်းဒေသကြီးအမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကမ္ဘာ့ မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအဖြစ် ပြသထားရှိ သည့်ပြခန်းများ၊ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များအတွက် အာဟာရပြည့်ဝမျှတသည့် အစား အစာများ ပြင်ဆင်ပြသထားရှိမှု များကို လှည့်လည်ကြည့်ရှုကြပြီး ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံး တိုက်ကျွေး ၍ လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များကို လက်ဆောင် ပစ္စည်းများကို လည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရောဝတီတိုင်းဒေသကြီး ဆားတောင်သူများအသင်းသားများစုံညီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရောဝတီ ဩဂုတ် ၁၈

ရောဝတီတိုင်းဒေသကြီး ဆားတောင်သူများ အသင်းသားများစုံညီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေနဒီခန်းမ၌ကျင်းပရာ အခမ်းအနားမှူးအဖြစ်ဒေါ်မေတိုးအောင် က ဆောင်ရွက်သည်။

ဦးစွာ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ရောဝတီတိုင်းဒေသကြီး ဆားတောင်သူ များအသင်းဥက္ကဋ္ဌ ဦးမောင်ဗိုလ်က မိတ်ဆက်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က မိတ်ဆက်စကား ပြောကြားပြီး ဒေါ်မေသန်းငွေးက ချေးငွေထုတ်ချေးရေးနှင့်ပတ်သက် ၍(SOP) စီမံချက်ပါ လုပ်ထုံးလုပ်ငန်းများအား ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးအဖြစ် တိုင်းဒေသကြီး ဆားတောင်သူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးသိန်းဇော်ဦးက ဆောင်ရွက်သည်။

ဦးစွာ ရောဝတီတိုင်းဒေသကြီး ဆားတောင်သူများအသင်း နာယက ဦးလှိုင်ဦးက အဖွင့်မိတ်ဆက်စကားပြောကြားပြီး အသင်း၏ဘဏ္ဍာရေး အခြေအနေကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးထွန်းလင်းက ရှင်းလင်း ဖတ်ကြားသည်။

ဆက်လက်၍ ARCCI ဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က တိုင်းဒေသကြီး အသင်းချုပ်၏ လုပ်ငန်းဆောင်တာများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးထွန်းထွန်းက တိုင်းဒေသကြီးတွင်ရှိသော အသင်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဦးမောင်မောင်ဦးက စားသုံးကုန်များနှင့်စက်မှု လက်မှုထုတ်ကုန်များတွင် ဆား၏မပါမဖြစ်အရေးပါပုံတို့ကို ရှင်းလင်း ဆွေးနွေးပြီး AYEYAR TRADE CENTERမှ တိုင်းတာဝန်ခံ ဦးနေဝင်းစိုးက တိုင်းဒေသကြီးအတွင်းမှ အဓိကထွက်ကုန်များကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး ဈေးကွက်ရှာဖွေနိုင်မှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်ဆားတောင်သူများ က တိုင်းဒေသကြီးအသင်း ရေရှည်တည်တံ့ အောင်မြင်နိုင်ရေးများကို အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီးဆားတောင်သူများသင်း ဥက္ကဋ္ဌ ဦးမောင်ဗိုလ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

အောင်ကျော်(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိုမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင် နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

## ဝေးစွန်ရှေ့တန်း စစ်စခန်းဝယ်

❖ ညဥ့်နက်သန်းခေါင်၊ ပိန်းပိတ်မှောင်လျက်
တောင်ပြုန်လေဝဲ၊ မိုးတွေသည်းခဲ့
လက်ထဲသေနတ်၊ ပွတ်သပ်ဖက်တွယ်
ဘယ်ဝယ်မြောက်တောင်၊ မျှော်ယောင်နားစွင့်
အသင့်စောင့်စား၊ တိုက်ပွဲကြားဝယ်
ညများစွာလျှင် တို့ငုတ်တုတ်။
ခေါင်ကတုတ်သည် အိပ်ဖို့မဟုတ်။

❖ ဒရုန်းတွေဝဲ၊ ဗုံးတွေကြဲလျက်
တိုက်ပွဲခေါ်သံ၊ ကျည်တွေပျံနေ
တွန်းလှန်ဆင်နွှဲ၊ တိုက်ပွဲရက်ကြာ
ရိက္ခာချွေရ၊ ကျည်ချွေရနှင့်
မျှော်ရစစ်ကူ၊ နောက်ကျမှုလည်း
ရန်သူရှေ့တိုး၊ ကျားထိုးသမျှ
လန်ကျပြိုဆင်း၊ အလောင်းချင်းထပ်
ပြတ်သားစွာပင်၊ မောင်းထုတ်နှင်ခဲ့
တို့ရှင်နေသမျှ
မကျစေရ တို့စခန်း။
နေ့များဖြတ်သန်း တိုက်ပွဲလမ်း။

❖ ညညနေ့နေ့
ယမ်းငွေ့ယမ်းခိုး၊ ကျည်ဆန်မိုးနှင့်
ဗုံးမိုးတွေအောက်၊ မကြောက်မရွံ့
စွန့်လွှတ်စွန့်စား၊ ပေးဆပ်ထားလည်း
လားလားကိုယ်ကျိုး၊ မမျှော်ကိုးလေ
အမျိုး ဘာသာ၊ သာသနာနှင့်
ပြည်ရွာစည်းရိုး၊ မပျက်ကျိုးအောင်
ကာမိုးနိုင်လျှင်၊ မြတ်သည်ထင်လျက်
ရင်ဝယ်ကျေနပ် အားသစ်မွေး။
အောင်ပွဲရှေ့ဆက် လက်မနှေး။

❖ ဩော်.. အစားဆင်းရဲ၊ အနေမွဲလျက်
ခက်ခဲကြမ်းတမ်း
ပင်ပန်းခါးသီး၊ ရန်ဘေးနီးလည်း
မညည်းညူရက်၊ နိုင်ငံတွက်လျှင်
မငြင်းပယ်ရက်၊ ပြည်သူတွက်လျှင်
အသက်သွေးချွေး၊ စတေးပေးဆပ်
သေနတ်ကိုင်စွဲ၊ ရဲမာန်ဇွဲနှင့်
တိုက်ပွဲဆက်ဆက် ဝင်ဦးမည်။
ပြည်သူ့ရင်နှစ် သားစစ်သည်။
တရားသောစစ် အောင်ရမည်။ ။

ဇော်မင်းမင်းဦး

# လောကကို အလှဆင်ကြပါစို့

ကိုယဥ်ချစ် (မန္တလေး)

**လောကဆိုတာ ဖြစ်ပျက်မှုသဘောရှိတဲ့ သတ္တဝါနဲ့ တောတောင်ရေမြေအားလုံးလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ လောကကြီးကို (၁) သက်ရှိသတ္တဝါအပေါင်း တည်ရှိရာဖြစ်တဲ့ သတ္တလောက၊ (၂) ရေမြေတောတောင် သမုဒ္ဒရာတည်ရှိရာဖြစ်တဲ့ ဩကာသလောက၊ (၃) ပြုပြင်စီရင်တတ်တဲ့သဘောရှိသော၊ မမြဲတဲ့သဘောရှိသော၊ ဖြစ်ပျက်ပြောင်းလဲတတ်တဲ့သဘောရှိသော သင်္ခါရလောကလို့ ခွဲခြားထားပါတယ်။ လောကကြီးသုံးပါးလို့လည်း ဆိုပါတယ်။ လောကကြီးသာယာလှပဖို့အတွက် သတ္တလောကဟာ အရေးပါလှပါတယ်။**

*** ခြင်္သေ့တို့မည်သည် ဝေါမွတ်ဆာလောင်ပေမယ့် မြက်၊ သစ်ရွက်ကိုမူ မစား။ ပညာရှိသူတော်ကောင်းတို့သည်လည်း ဆင်းရဲဒုက္ခ ကြုံတွေ့ရပေမယ့် မကောင်းမှုဒုစရိုက်ကို လက်မခံ၊ အကျင့်သီလကို စောင့်ထိန်းကြကုန်၏**

*** သီလစောင့်ထိန်းသူ၊ ကိုယ်ကျင့်သိက္ခာရှိသူတွေဟာ တော်လည်းတော်၊ ကောင်းလည်းကောင်းတဲ့ သူတော်ကောင်းတွေဖြစ်ကြပါတယ်။ သူတို့ဟာ သစ္စာရှိမှုကို တန်ဖိုးထားကြတယ်။ အဲဒီလို သစ္စာရှိမှုကြောင့် သူတို့ရဲ့ကိုယ်ကျင့်သိက္ခာဟာ ပိုမိုမြင့်မားပြီး တန်ဖိုးရှိတဲ့လူတွေ ဖြစ်လာပါတယ်။ သစ္စာဖောက်သူ၊ သစ္စာမဲ့တဲ့သူတွေကတော့ သူတို့မှာ ကပ်ငြိနေတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းမှုအကုသိုလ်ပယောဂတွေနဲ့ လူ့လောကစည်းရဲ့အပြင်ကို ရောက်သွားတတ်ကြ**

လူတွေဟာ ဩကာသလောကဆိုတဲ့ ရေမြေတောတောင် သမုဒ္ဒရာတွေထဲက သဘာဝအရင်းအမြစ်တွေ၊ သယံဇာတတွေကို သူတို့ရဲ့အသိဉာဏ်တွေ၊ စွမ်းအားတွေ၊ အရည်အချင်းတွေ အသုံးချပြီး ဖော်ထုတ်အသုံးချနိုင်ကြပါတယ်။ တစ်နည်းပြောရရင် ဩကာသလောကကြီးကို လူတွေက ထိန်းချုပ်အသုံးချနိုင်ကြပါတယ်။

အလားတူ သင်္ခါရလောကကြီးရဲ့ အဖြစ်အပျက်သဘောတွေကို နားလည်သဘောပေါက်ကြတယ်။ သင်္ခါရလောကကြီးကို မဖြစ်မနေ ရင်ဆိုင်ကြရမယ်ဆိုတာကို သိကြတယ်။ သဘာဝဖြစ်စဉ်တွေကို ကျော်လွှန်ပြီး ဖြစ်မှု၊ ပျက်မှုသဘောတွေကို ချုံ့နိုင်၊ ချဲ့နိုင်အောင် လုပ်ဆောင်လာကြတယ်။ လူတွေဟာ သင်္ခါရလောကကြီးကိုလည်း ရနိုင်သလောက် နည်းလမ်းတွေနဲ့ အန်တုဖို့ ကြိုးစားနေကြပါတယ်။

## အတ္တဆိုတဲ့ မိမိအကျိုးစီးပွားကို အခြေခံလုပ်ဆောင်

လူတွေက သူတို့မှာရှိနေတဲ့ အသိဉာဏ်၊ ခွန်အား၊ စွမ်းရည်တွေကို အသုံးချပြီး အသက်ရှင်ရပ်တည်ဖို့ အားထုတ်နေကြတယ်။ တစ်ဦးချင်းစီ၊ မိသားစု၊ ရပ်ရွာ၊ မြို့ပြ၊ နိုင်ငံတွေ တိုးတက်အောင် အမြဲကြိုးပမ်းနေကြတယ်။ မတူညီကြတဲ့ သဘာဝအခြေခံတွေကို မူတည်ပြီး ရေကြည်ရာ မြက်နုရာ နေရာတွေမှာ အခြေအနေပေးသလို နေထိုင်ကြရင်း လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ လူနေမှုပုံစံတွေ အမျိုးမျိုးနဲ့ တိုင်းပြည်နိုင်ငံလို့ သတ်မှတ်ထားတဲ့ နေရာတွေမှာ အသက်ရှင်ရပ်တည် နေထိုင်ကြပါတယ်။ မတူညီတဲ့အခြေအနေတွေကြောင့် လူနေမှုအဆင့်အတန်း အနိမ့်အမြင့်တွေ ခြားနားသွားကြတယ်။ ဆင်းရဲချမ်းသာမှုတွေ ကွာဟသွားပြီး တိုးတက်မှု၊ နိမ့်ကျမှုတွေ ဖြစ်ပေါ်သွားတယ်။ ဒီအခြေအနေတွေအားလုံးကို လူသားတွေကိုယ်တိုင်ကပဲ လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ အဲဒီလုပ်ဆောင်ချက်တွေမှာ အတ္တဆိုတဲ့ မိမိအကျိုးစီးပွားကို အခြေခံလုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ပုထုစဉ်လူသားတိုင်း အတ္တနဲ့ မကင်းနိုင်ဘူးလို့ ဆိုကြပါတယ်။

လူတိုင်း အတ္တနဲ့မကင်းနိုင်ဘူးဆိုပေမယ့် ရှိသင့်ရှိထိုက်တာထက် ကျော်လွန်ပြီး အတ္တတွေလွန်ကဲလာရင် လူ့လောကကြီးဟာ အကျည်းတန်ညစ်ညမ်းလာပါတော့တယ်။ လူဆိုတာ တစ်ဦးတည်းနေထိုင်မရလို့ အများနဲ့ နေထိုင်ကြရတဲ့အခြေအနေမှာ မိမိအကျိုးစီးပွားအတွက်သာကြည့်ပြီး အများအကျိုးကို ထိခိုက်အောင်လုပ်လာပြီဆိုရင်တော့ အတ္တလွန်ကဲတဲ့လူဖြစ်သွားတာပါပဲ။

လူ့သဘာဝအရ အသက်ရှင် ရပ်တည်နေထိုင်နိုင်ဖို့ကြိုးစားကြတယ်။ စားနိုင် သောက်နိုင် နေနိုင်ထိုင်နိုင်လောက်အခြေအနေရလာတော့ အဲဒီထက်သာအောင် ဆက်ပြီးအားထုတ်ကြတယ်။ အားထုတ်မှုကြောင့် သာမန်ထက်ပိုတဲ့ တိုးတက်မှုတွေရလာတယ်။ ဒီမှာတင် မကျေနပ်နိုင်သေးဘဲ ပိုပြီးပိုပြီး သာလွန်အောင်လုပ်လာကြပြန်တယ်။ ရပြီးရင်း ရချင်ရင်းနဲ့ ပင်လယ်ဆားငန်ရည်တွေ သောက်သလို သောက်ပြီးရင်း သောက်ချင်ရင်း ဖြစ်လာတယ်။ ဒီတော့ တရားသလား၊ မတရားတာလား ပြန်မစဉ်းစားနိုင်တော့ဘဲ ကိုယ့်အတွက်ရဖို့တစ်ခုကိုသာ အာရုံစိုက်လုပ်ကြပါတော့တယ်။ လုပ်ရင်းကိုင်ရင်း မိမိအကျိုးကို လုပ်သင့်သလောက်ထက်ကျော်ပြီး လွန်ကဲတဲ့ အတ္တတွေနဲ့ အလွန်အကျွံလုပ်ကိုင်လာပါတယ်။ အတ္တလွန်ကဲသူတွေကတော့ တစ်ချိန်ချိန်မှာ သောကနဲ့ ဒုက္ခတွေကို ခံစားရတတ်တယ်ဆိုတာ သတိမူကြရပါမယ်။ အခန့်မသင့်ရင် အသက်အိုးအိမ် စည်းစိမ်တွေကိုတောင် စွန့်လွှတ်ပေးရတတ်ပါတယ်။

တစ်ခါက တောရွာတစ်ရွာမှာ မြေတွေအများကြီး ပိုင်ဆိုင်တဲ့ မြေပိုင်ရှင်သူဌေးကြီးက သူ့ရဲ့ အလုပ်သမားကို ဆုလာဘ်အနေနဲ့ လယ်မြေကို ခွဲဝေပေးချင်တယ်။ ဒါကြောင့် သူဌေးကြီးက အလုပ်သမားကိုခေါ်ပြီး မင်းကို လယ်လုပ်စားဖို့မြေ ခွဲပေးမယ်။ ဒီနေရာကနေ မင်းမြေလိုချင်တဲ့နေရာ အထိသွားလို့ပြောတော့ ရပ်နေတဲ့နေရာကနေ လယ်တွေဖြတ်ပြီးသွားတာပေါ့။ သွားရင်းနဲ့ နောက်လှည့်ပြီးကြည့်တယ်။ သူဌေးကြီးက တော်ပြီလားလို့မေးတော့ မတော်သေးဘူးဆိုပြီး ဆက်သွားလိုက်၊ နောက်ပြန်လှည့်ကြည့်လိုက်နဲ့ပေါ့။ မြေတွေများများလိုချင်တဲ့ လောဘကတက်လာတော့ လမ်းလျှောက်ရာကနေ ပြေးသွားလိုက်၊ နောက်လှည့်ကြည့်လိုက်နဲ့၊ တော်ပြီလားမေးရင် မတော်သေးဘူးဆိုပြီး ဆက်ပြေးလိုက်နဲ့ နောက်ဆုံး အမောဆို့ပြီး အသက်ပါထွက်သွားပါတော့တယ်။ အဲဒီမှာ မြေပိုင်ရှင်သူဌေးကြီးက သူ့အလုပ်သမား သေဆုံးတဲ့နေရာကိုသွားပြီး မင်းလုပ်စားဖို့ ငါက မြေတွေအလကားပေးတာပါပဲ။ ဒါပေမဲ့ မင်းက လောဘကြီးလွန်းတော့ မြေတွေအများကြီးမရဘဲ ခြောက်ပေသာ ရသွားပါလားလို့ပြောတယ်တဲ့။ (ခြောက်ပေဆိုတာ လူသေရင် မြှုပ်ဖို့တူးထားတဲ့ ခြောက်ပေအကျယ်ရှိတဲ့မြေကို ပြောတာပါ။)

## လောကကြီးကို အကျည်းတန်စေ

လူတွေဟာ တစ်ဦးချင်းစီသာမကဘဲ အသင်းအပင်းတွေ၊ အဖွဲ့အစည်းတွေ၊ နိုင်ငံတွေမှာလည်း မရှိသင့်တဲ့အတ္တလွန်ကဲမှုကြောင့် ဖြစ်လာတဲ့လောဘတွေကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးပြဿနာတွေနဲ့ အများစုက ဆင်းရဲဒုက္ခတွေ ခံစားနေကြရတာကို မြင်တွေ့နေကြရမှာပါ။ ငါ၊ မိမိဆိုတဲ့ အတ္တကြောင့်လိုချင်မက်မောခြင်း၊ တပ်မက်ခြင်းဆိုတဲ့ လောဘဖြစ်လာတယ်။ လောဘရဲ့ နောက်မှာ လိုတာမရရင်၊ လိုသလောက်မရရင် ဒေါသက ကပ်ပါလာတယ်။ လောဘ၊ ဒေါသတွေကြောင့် တွေဝေခြင်း၊ အမှန်အမှား မခွဲခြားနိုင်ခြင်းဆိုတဲ့ မောဟကလည်း ရောက်လာပါတော့တယ်။ အတ္တက အခြေခံလာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် လုပ်သင့်တာတွေမလုပ်၊ မလုပ်သင့်တာတွေလုပ်၊ ကောင်းတာတွေကို မလုပ်၊ မကောင်းတာတွေလုပ်ကြရင်း မဖြစ်သင့်တာတွေ၊ မဖြစ်ကောင်းတာတွေ၊ မဖြစ်ဖူးတာတွေ၊ မဖြစ်နိုင်တာတွေ ဖြစ်လာပြီး သာယာလှပတဲ့လောကကြီးကို အကျည်းတန်စေပါတော့တယ်။

လောကကြီးကို မှီတင်းနေထိုင်ကြတဲ့ သတ္တဝါတွေနဲ့ သဘာဝပတ်ဝန်းကျင်တွေအပေါ်မှာ ရှိသင့်တဲ့ ကိုယ်ကျိုးစီးပွား (အတ္တဟိတ) ကိုရှာပြီး အများရဲ့ အကျိုးစီးပွား (ပရဟိတ)ကိုလည်း မျှမျှတတ ဆောင်ရွက်နိုင်မှ သာယာလှပတဲ့လောကကြီးကို တည်ဆောက်နိုင်မှာပါ။ ဒီလို တည်ဆောက်နိုင်ဖို့ လူတွေရဲ့ အတ္တလွန်ကဲမှုကို ထိန်းချုပ်ကြရပါမယ်။ ထိန်းချုပ်ဖို့အခြေခံကျတဲ့ လူတွေရဲ့စိတ်ကို တည့်မတ်ပြုပြင်ကြဖို့ လိုပါတယ်။

စိတ်ဆိုတာ အင်မတန် ရွေ့လျားတာမြန်ပါတယ်။ အလင်းရဲ့ပြေးနှုန်းဟာ တစ်စက္ကန့်ကို မိုင်ပေါင်းကုဋေနဲ့ချီပြီး ပြေးနေတာကြောင့် ပြေးနေမှန်းတောင် မသိရဘူးလို့ဆိုပါတယ်။ စိတ်ရဲ့ပြေးနှုန်းဟာ အလင်းရဲ့ပြေးနှုန်းထက် အဆပေါင်းများစွာ မြန်ဆန်တာကြောင့် မိမိစိတ်ကို မိမိထိန်းချုပ်နိုင်ဖို့ အင်မတန်ခက်ခဲလှပါတယ်။ လူတွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ အလုပ်သုံးပါးစလုံးကို စိတ်ရဲ့စေ့ဆော်မှုအတိုင်း လုပ်နေကြရတာမို့ စိတ်ကိုမထိန်းချုပ်နိုင်ရင် လမ်းမှားဘက်ကို ဦးတည်သွားတတ်ပါတယ်။ စိတ်ကို အခြေခံဖြစ်ပေါ်လာတဲ့ အကုသိုလ်စေတသိက်တွေဝင်လာပြီး ဆိုးကျိုးတွေဖြစ်စေပါတယ်။

## အကုသိုလ်စေတသိက် ၁၄ ပါး

အကုသိုလ်စေတသိက် ၁၄ ပါးဆိုတာ (၁) လောဘ = ဆာလောင်တွယ်တာကာ သာယာခင်မင်ခြင်းလက္ခဏာ (၂) ဒေါသ = ကြမ်းတမ်းပြစ်မှားနှိပ်စက်ပျက်စီးခြင်းလက္ခဏာ (၃) မောဟ = အမှန်တရားကိုမသိခြင်း (၄) အဟိရိက = မကောင်းမှုပြုရမှာ မရှက်ခြင်း (၅) အနောတ္တပ္ပ = မကောင်းမှုပြုရမှာ မကြောက်မလန့်ခြင်း (၆) ဥဒ္ဓစ္စ = ပျံ့လွင့်တုန်လှုပ်ခြင်း (၇) မာန = ငါကွဟု ထောင်လွှားခြင်း (၈) ဒိဋ္ဌိ = အမှားကို အမှန်ဟုစွဲယူထားခြင်း (၉) ဣဿ = သူတစ်ပါးအား မလိုတမာငြူစူလာခြင်း (၁၀) မစ္ဆရိယ = မိမိစည်းစိမ်ကို နှမြောဝန်တို မဆက်ဆံလိုလျက် ဖုံးဝှက်ကာထားခြင်း (၁၁) ကုက္ကုစ္စ = ပြုပြီးသားအကုသိုလ် မပြုလိုက်ရသည့်ကုသိုလ်တို့အတွက် နောင်မှ တကာ ပူပန်လာခြင်း (၁၂) ထိန = ကုသိုလ်ပြုရာ၌ စိတ်ဓာတ်လျော့ပါးအားနည်းခြင်း (၁၃) မိဒ္ဓ = ထိန်ကြောင် ထိုင်းမှိုင်းငိုက်မျဉ်း၍လာခြင်း (၁၄) ဝိစိကိစ္ဆ = ကောင်းမှုကုသိုလ်တရား၌ ယုံရမည်လား၊ မယုံရမည်လားတို့ ဖြစ်ပါတယ်။

စိတ်က ပေါက်ဖွားလာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် လူ့လောကကြီးထဲမှာ စိတ်ဝမ်းတွေကွဲကြ၊ ရန်ဖြစ်ကြ၊ စည်းလုံးမှုတွေ ပြိုကွဲကြနဲ့ အဆုံးစွန် လူအချင်းချင်း အကြောင်းအမျိုးမျိုးပြသတ်ကြ၊ ဖြတ်ကြနဲ့ စစ်ပွဲတွေခင်းကြတဲ့အထိ ဖြစ်လာပါတော့တယ်။ စိတ်ရဲ့စေ့ဆော်မှုနဲ့ ပြုလာကြတဲ့ မကောင်းတဲ့အကုသိုလ်ဆိုတာ မသိလို့လုပ်မိတာရှိတယ်၊ သိလျက်နဲ့လုပ်ကြတာရှိတယ်၊ သိပေမယ့် မပြင်ဘဲ ဆက်လုပ်ကြတာတွေရှိပါတယ်။ အမှားကိုသိရင်တော့ သိသိချင်း အမှန်ကို ပြင်ဆင်နိုင်ခြင်းက အကောင်းဆုံးပါ။ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြုလိုက်မိတဲ့မကောင်းမှုကြောင့် အများစုက ကိုယ်ရောစိတ်ပါ ဆင်းရဲမှုခံစားရမယ့် အလုပ်မျိုးတွေကိုတော့ ရှောင်ကြဉ်သင့်ပါတယ်။ မိမိနဲ့ မိမိရဲ့ မိသားစုအတွက် တစ်ခဏတာ၊ တစ်ဘဝစာအတွက် မကောင်းမှုအလုပ်တွေနဲ့ အရင်းအနှီး မပြုသင့်ပါဘူး။ ကိုယ်ပြုလိုက်တဲ့ စေတနာကံတွေဟာ ကောင်းတာဖြစ်စေ၊ မကောင်းတာဖြစ်စေ ရပ်တန့်မနေဘူး။ မကောင်းတာတွေလုပ်မိရင် မကောင်းတဲ့ သံသရာစက်ဝန်းထဲမှာ ပြန်ပြီး လည်ပတ်ခံစားရတတ်တယ်ဆိုတာ သတိမူရပါမယ်။ ဝဋ်လည်တတ်တယ်ဆိုသလိုမျိုးပေါ့။

## စိတ်ကို သီလနဲ့ထိန်းကျောင်း

လောကကြီးကို အထီးကျန်၊ အကျည်းတန်စေတဲ့အလုပ်တွေရဲ့ အခြေခံဟာ စိတ်ဖြစ်ပါတယ်။ စိတ်က ပေါက်ဖွားလာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် မဖြစ်သင့်တာတွေ မဖြစ်ရအောင် စိတ်ကို သီလနဲ့ ထိန်းကျောင်းရပါမယ်။ သီလဆိုတာ စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်ဖြစ်ပါတယ်။ သီလစောင့်ထိန်းနိုင်ခြင်းဟာ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းခြင်းဖြစ်ပါတယ်။ သီလမရှိတဲ့သူ၊ သီလကင်းမဲ့သူတွေဟာ ကိုယ်ကျင့်သိက္ခာကင်းမဲ့သူတွေဖြစ်ပါတယ်။

လူ့သဘာဝအရ လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်ရှိလာတဲ့အချိန်မှာ သီလကို မစောင့်စည်းနိုင်ရင် လွန်ကဲတဲ့ အတ္တတွေ ဝင်လာတတ်ပါတယ်။ ရလာတဲ့အခွင့်အရေးကိုအသုံးချပြီး အတ္တကို အလွန်အမင်းသုံးစွဲမိပြီဆိုရင်တော့ သီလပျက်ယွင်းပြီး ကိုယ်ကျင့်သိက္ခာပါ ယုတ်လျော့ကျဆင်းသွားပါတယ်။ ဒီလို လူစားမျိုးတွေဟာ မိမိတစ်ယောက်တည်းသာမကဘဲ သားစဉ်မြေးဆက်အထိ နာမည်ဆိုး တွင်ကျန်ရစ်တတ်ပါတယ်။

ခြင်္သေ့တို့မည်သည် ဝေါမွတ်ဆာလောင်ပေမယ့် မြက်၊ သစ်ရွက်ကိုမူ မစား။ ပညာရှိ သူတော်ကောင်းတို့သည်လည်း ဆင်းရဲဒုက္ခ ကြုံတွေ့ရပေမယ့် မကောင်းမှုဒုစရိုက်ကို လက်မခံ၊ အကျင့်သီလကို စောင့်ထိန်းကြကုန်၏လို့ လောကနီတိ သုဇနကဏ္ဍမှာ ဖော်ပြထားတာ မှတ်သားဖူးပါတယ်။

သီလစောင့်ထိန်းသူ၊ ကိုယ်ကျင့်သိက္ခာရှိသူတွေဟာ တော်လည်းတော်၊ ကောင်းလည်းကောင်းတဲ့ သူတော်ကောင်းတွေဖြစ်ကြပါတယ်။ သူတို့ဟာ သစ္စာရှိမှုကို တန်ဖိုးထားကြတယ်။ အဲဒီလို သစ္စာရှိမှုကြောင့် သူတို့ရဲ့ကိုယ်ကျင့်သိက္ခာဟာ ပိုမိုမြင့်မားပြီး တန်ဖိုးရှိတဲ့လူတွေဖြစ်လာပါတယ်။ သစ္စာဖောက်သူ၊ သစ္စာမဲ့တဲ့သူတွေကတော့ သူတို့မှာ ကပ်ငြိနေတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ မကောင်းမှုအကုသိုလ် ပယောဂတွေနဲ့ လူ့လောကစည်းရဲ့အပြင်ကို ရောက်သွားတတ်ကြပါတယ်။

တချို့က အတတ်ပညာတွေ တတ်မြောက်ကြပေမယ့် အသိပညာနည်းတော့ မိမိခံစားချက်ကို ရှေ့တန်းတင်ပြီး မပြောသင့်တာတွေပြော၊ မလုပ်သင့်တာတွေလုပ်တတ်ကြပါတယ်။ ပညာနည်းသူတွေမှားတာထက် ပညာတတ်သူတွေမှားတာက ပတ်ဝန်းကျင်ကို ပိုပြီး ထိခိုက်စေတတ်တယ်ဆိုတာ သတိမူကြရပါမယ်။ **စာမျက်နှာ ၁၁ သို့** ■

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပြည် ဩဂုတ် ၁၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မြောင်းဆုံကျေးရွာအုပ်စု၌ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ကေများတွင် ကောက်စိုက်လုံမေများဖြင့် သက်တမ်းတူမျိုးတူစပါးမျိုးဖြင့် အစားထိုးပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခုနှစ် တစ်ကွင်းတစ်ဆက်တည်း ဧက ၂၁၄ ဧက ဝါအထူးဇုန် ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ကျော် ထွက်ရှိသည့် ဝါစိုက်ခင်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး သီးထပ်စွမ်းအား ထပ်မံတိုးတက်ရရှိစေရေး Mobile Solar Pump တပ်ဆင်ပေးရန်၊ စိုက်ပျိုးရေးသုတေသနမှ စမ်းသပ်ထားသည့် ပြည်တွင်းစပ်မျိုး KTK နှင့် ပြည်ပစပ်မျိုး B-31 မျိုးများအား ယခုစိုက်ပျိုးသည့် ရာကာ ၆၆၆ မျိုးနှင့် မျိုးယှဉ်ပြိုင်စမ်းသပ်စံပြကွက်များ ဖော်ဆောင်ပေးရန်တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။





ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ဝက်ထီးကန်မြို့ ပျဉ်းမအိုင်ကျေးရွာအုပ်စု တောင်သူ ဦးထွန်းထွန်း၏ ၂၀၂၄-၂၀၂၅ ခုနှစ် ကြံလမိုင်းခင်း ပန်းတိုင်အထွက်နှုန်း တန် ၃၀ ကျော် ထွက်ရှိမည့် ကြံစံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ကြံခုတ်နည်းစနစ် ပြောင်းလဲခြင်းနှင့်အတူ ကြံသီးနှံလမိုင်း၊ လမတ်များ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိခြင်းအား ကြံစိုက်တောင်သူများ ခေါ်ယူပြသအသိပညာပေးခြင်းများ ဆောင်ရွက်ရန်နှင့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ဝက်ထီးကန်ရေကန်နှင့် ရေပေးမြောင်းများ ပြန်လည်အဆင့်မြှင့်တင်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ဆင်စုရပ်ကွက်ရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာလုပ်ငန်းဆောင်ရွက်လျက်ရှိသော "ကောင်းသန့်" မလိုင်နှင့် ယိုမျိုးစုံလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဂျယ်လီနှင့် ဖျော်ရည်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် "တပြည်သူ"ရှားစောင်းလက်ပတ်ယိုနှင့် ပဲနံ့သာဆေးလက်ဖက်ခြောက်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးများအား ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိရေးနှင့် ဈေးငွေ့ရရှိနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးမိုးစပါးများအား ဒုတိယအကြိမ် မျိုးစပါး၊ဓာတ်မြေဩဇာများနှင့်ဆေးဖျန်းပုံးများ ထောက်ပံ့

ဘားအံ ဩဂုတ် ၁၉

ကရင်ပြည်နယ်အတွင်း ဇူလိုင်လ တတိယပတ်ခန့်မှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းပြီး မြစ်ရေချောင်းရေများ စံချိန်တင်မြင့်တက်ကာ ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် စိုက်ပျိုးပြီးမိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ထိခိုက်ပျက်စီးမိုးစပါးစိုက်တောင်သူများအား ဒုတိယအကြိမ် မျိုးစပါး၊ ဓာတ်မြေဩဇာများနှင့် ဆေးဖျန်းပုံးများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက ပြည်နယ်အစိုးရအနေဖြင့် တောင်သူလယ်သမားအကျိုးစီးပွား မြှင့်တင်ရေးနှင့် အခွင့်အရေးကာကွယ်ရေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ပေးသကဲ့သို့ဒေသခံတောင်သူများအနေဖြင့်လည်း သီးနှံအထွက်တိုးရေး၊ စားရေရိက္ခာဖူလုံပိုလျှံရေးနှင့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်မြို့နယ်တို့မှ ရေကြီးနစ်မြုပ်ခံရသော မိုးစပါးကေများအနက်မှ ထိခိုက် ၂၄၃၆၆ ဧက၊ ပျက်စီး ၁၃၁၄၆ ဧကအတွက် မျိုးစပါး ၁၀၂၃ တင်း၊ ယူရီးယားအိတ် ၃၀၀၊ ပိုတက်ရှ်အိတ် ၁၀၀၊ ဆေးဖျန်းပုံး ၆၀ တို့ကို ထောက်ပံ့ပေးအပ်ကြရာ ထိခိုက်ပျက်စီးမိုးစပါးစိုက်တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ထောက်ပံ့ပေးအပ်သည့်မျိုးစပါးနှင့် သွင်းအားစုများကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက်လာသောတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့သည်။



ထောက်ပံ့ပေးအပ်ပွဲအပြီးတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသောလယ်ယာမြေများ ပြန်လည်စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များ၊ လယ်ယာမြေဥပဒေများကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■ စာမျက်နှာ ၁၀ မှ

မိမိပြုလုပ်တဲ့အလုပ်တိုင်းကို အမှားနည်းအောင် မလုပ်ခင်ကစဉ်းစား၊ လုပ်နေတုန်းလည်းစဉ်းစား၊ လုပ်ပြီးသွားရင်လည်း ပြန်လည်သုံးသပ်တဲ့ အလေ့အကျင့်တွေ လုပ်ထားသင့်ပါတယ်။ မိမိရဲ့အတ္တလွန်ကဲမှုကြောင့် ပတ်ဝန်းကျင်ကို ဒုက္ခမဖြစ်အောင် ဆင်ခြင်လုပ်ကိုင်နိုင်ခြင်းဟာ အကောင်းဆုံးဖြစ်ပါတယ်။ အတ္တလာရာလမ်းကြောင်းဖြစ်တဲ့ စိတ်ကို ဖြူစင်သန့်ရှင်းအောင် စိတ်ကောင်းတွေ မွေးမြူရပါမယ်။ မကောင်းတဲ့ စိတ်ရိုင်းစိတ်ယုတ်မာတွေ မိမိဆီဝင်မလာအောင် တားဆီးနိုင်ရပါမယ်။

လူတိုင်းလုပ်နေကြတဲ့ အလုပ်တွေဟာ မိမိတစ်ဦးတည်းအတွက်လည်း ဖြစ်ချင်ဖြစ်မယ်။ မိမိရဲ့မိသားစုအတွက်လည်း ဖြစ်ချင်ဖြစ်မယ်။ အများအတွက်လည်း ဖြစ်ချင်ဖြစ်မယ်။ လုပ်တဲ့အလုပ်တိုင်းရဲ့ အဖြေက အမှန်နဲ့ အမှားဆိုတဲ့ ရလဒ်နှစ်မျိုးသာ ရှိပါတယ်။ လုံးဝအမှားကင်းစင်နေတာမျိုးမဟုတ်ရင်တောင် အမှားအနည်းဆုံးဖြစ်အောင် ကြိုးစားလုပ်ကြရပါမယ်။ မှားတယ်ဆိုတာကလည်း အတ္တလွန်ကဲလွန်းလို့ဖြစ်တာများပါတယ်။ ပုထုဇဉ်လူသားတွေဖြစ်နေကြလို့ အတ္တကို လုံးဝကင်းနိုင်မှာတော့ မဟုတ်ပါဘူး။ အတ္တနည်းရင် ဆိုးကျိုးတွေ ကြီးကြီးမားမား မဖြစ်နိုင်ပေမယ့် လွန်ကဲရင်တော့ ဆိုးကျိုးတွေ ကြီးကြီးမားမား ဖြစ်နိုင်တာမို့ လွန်ကဲတဲ့အတ္တတွေမပြုမိအောင် ထိန်းချုပ်ကြရပါမယ်။

လူတိုင်းက အသက်ရှင်ရပ်တည်နေရတဲ့ အချိန်လေးမှာ စိုးရိမ်ပူဆွေးနေရတာတွေ၊ ကြောက်လန့်တုန်လှုပ်နေရတာတွေ၊ ပျက်စီးခြင်း (ဗျသနတရား) တွေနဲ့ ရင်ဆိုင်နေရတာတွေကို ဘယ်သူမှ ကြုံတွေ့ချင်မှာ မဟုတ်ပါဘူး။ အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ နေထိုင်လုပ်ကိုင်စားသောက်ရင်း အသက်ရှင်နေလိုသူတွေ ဖြစ်ကြမှာပါ။ ဒီလိုနေထိုင်နိုင်ဖို့ သာယာလှပတဲ့ လောကကြီးကို တည်ဆောက်ကြဖို့လိုပါတယ်။ သာယာလှပအောင် လောကကြီးကို အလှဆင်ပေးနိုင်သူတွေကတော့ လူသားတွေပဲဖြစ်ပါတယ်။ လူသားတွေအနေနဲ့ လွန်ကဲတဲ့အတ္တကြောင့် ဖြစ်ပေါ်လာတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ထိန်းချုပ်ကြပြီး လောကကြီးကို အလှဆင်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။ ။

**ကိုးကား -**

- **မှတ်အပ် မှတ်ရာ မှတ်စုပဒေသာ သုခမှတ်စု၊ ဆဋ္ဌမအကြိမ်၊ ၂၀၁၈ ခုနှစ်**
- **နေ့စဉ်ထုတ်သတင်းစာများ**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ်၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၈

စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ်ကလိုရိုဒ်၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရတနာပုံတံတားတွင် စစ်ကိုင်းမှ မန္တလေးသို့ မင်းမင်းဦး မောင်းနှင်ပြီး အောင်ဇော်ထွေး လိုက်ပါလာသည့် Nissan Canter ခြောက်ဘီးယာဉ်နှင့် သက်ခိုင်ထွေး မောင်းနှင်ပြီး အောင်ဇေ လိုက်ပါလာသည့် Nissan Canter ခြောက်ဘီးယာဉ်နှစ်စီးပေါ်မှ ပလတ်စတစ်ပီပါများဖြင့်ထည့်ထားသည့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ ကိုလည်းကောင်း၊ သတင်းကွင်းဆက်အရ ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် အဆိုပါနေရာတွင် ထွန်းဘော် မောင်းနှင်ပြီး အောင်ကျော်ခန့် လိုက်ပါလာသည့် ၁၂ ဘီးယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့် ထည့်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည့် ကဖင်း ၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ် ကလိုရိုဒ် ၂ ဒသမ ၃၅ တန်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ညနေပိုင်းတွင် ထိန်းချုပ်ဓာတုပစ္စည်းများ တာဝန်ခံ ပို့ဆောင်ခိုင်းသူ မတင်တင်စု(ခ) စုမြ(ခ)မစုအား ကလေးမြို့ တောင်ဖီလာရပ်ကွက် ၄ရွှေဝါလမ်းရှိ ဂိုဒေါင်တွင် Hino ခြောက်ဘီးယာဉ်ပေါ်မှ ဆာလာအိတ်များဖြင့် ထည့်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၅ ဒသမ ၅ တန်နှင့် လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် လွှမ်းမိုးနှင့် ကိုမျိုးတို့နှစ်ဦးကို ကလေးမြို့ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တို့တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၅ တန်၊ Canter ခြောက်ဘီးယာဉ် တစ်စီး၊ မှန်လုံယာဉ် တစ်စီးတို့နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်နှင့် အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ် ဓာတုပစ္စည်းများနှင့် အခြား ဓာတုပစ္စည်းများကို မြန်မာ-အိန္ဒိယနယ်စပ်မှ ကလေးမြို့သို့ သယ်ဆောင်ပြီး မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုရန် ရှမ်းပြည်နယ်သို့ တရားမဝင် သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းမြို့ ရတနာပုံတံတားတွင် တရားခံများနှင့်အတူ သိမ်းဆည်းရမိ ဓာတုပစ္စည်းများကို တွေ့ရစဉ်။



ကလေးမြို့ မြို့လှရပ်ကွက်နှင့် တောင်ဇလပ်ရပ်ကွက်တို့တွင် တရားခံများနှင့်အတူ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းများကို တွေ့ရစဉ်။

# စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်နှင့် အင်းစိန်ခရိုင်အတွင်းရှိ အင်းစိန်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်များမှ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာကြည့်တိုက်မှတ်ပုံတင်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က မြို့နယ်များတွင် စာကြည့်တိုက်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ကြောင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ အင်းစိန်မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဇော်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသောငွေများဖြင့် စာကြည့်တိုက်အသစ်များ တိုးချဲ့တည်ဆောက်နေမှုနှင့် ကျောင်းစာကြည့်တိုက်များ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို တိုင်းဒေသကြီး ကော်မတီဝင် ဦးဘိုကြည်က ပြန်လည်ဖြေကြားပြီး တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီမှ စာကြည့်တိုက်မှတ်ပုံတင်ကျထားသော အင်းစိန်မှ မာရဝိဇယစာကြည့်တိုက်၊ ဖိုးရာဇာစာကြည့်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မှ ပညာတံခွန်စာကြည့်တိုက်တို့ကို စာကြည့်တိုက်မှတ်ပုံတင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



# ဂျပန်နိုင်ငံက ပါလက်စတိုင်းအား စားနပ်ရိက္ခာအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ သန်း ထောက်ပံ့မည်

**တိုကျို ဩဂုတ် ၁၈**

ဂျပန်နိုင်ငံသည် ဂါဇာဒေသ၌ ဆိုးရွားလာသော စားနပ်ရိက္ခာ အခြေအနေ အကျပ်အတည်းကို လျော့ပါးစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု မှတစ်ဆင့် ပါလက်စတိုင်းအား စားနပ်ရိက္ခာကူညီထောက်ပံ့ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ကူညီ**

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှတစ်ဆင့် ဂျပန်အစိုးရသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ သန်းခန့် (ယန်းငွေ သန်း ၄၀၀) ကို ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အတည်ပြု ပြောကြားသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ပါလက်စတိုင်း အာဏာပိုင်များ၏ တောင်းဆိုမှုအရ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် လွန်ခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်က အရှေ့အလယ်ပိုင်းတွင် ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ဂါဇာကမ်းမြောင်ရှိပြည်သူတစ်ရပ်လုံး စားနပ်ရိက္ခာ အကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။



အဆိုပါကူညီထောက်ပံ့မှုသည် ပြည်သူများ၏ လုံခြုံရေးကို အခြေခံ၍ ပြည်သူ့သက်သာချောင်ချိရေး တိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# ထိုင်းဘုရင်က ပေတုန်တန်အား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်အပ်

**ဗန်ကောက် ဩဂုတ် ၁၈**

ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းသည် ပေတုန်တန်အား နိုင်ငံ၏ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း အောက်လွှတ်တော် အထွေထွေအတွင်းရေးမှူးချုပ် ဆူကာနန်က ဩဂုတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။

ဖေ့ထိုင်းပါတီဌာနချုပ်တွင် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည့်အခမ်းအနားတွင် ပါလီမန်မှ မဲအများစုရရှိခဲ့သဖြင့် ပေတုန်တန်အား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ကြောင်း ဘုရင့်အမိန့်တော်တွင် မိန့်ကြားခဲ့သည်။

အသက် ၃၇ နှစ်အရွယ် ပေတုန်တန်သည် ထိုင်းဘုရင် ဝဇီရာလောင်ကွန်းထံမှ ထောက်ခံမှုကို လက်ခံရရှိပြီးနောက် နိုင်ငံ၏အသက်အငယ်ဆုံးနှင့် ဒုတိယမြောက် အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာခြင်းဖြစ်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# အာဖရိကသို့ မျောက်ကျောက်ရောဂါ ကာကွယ်ဆေးများ ထောက်ပံ့ပေးရန် ချမ်းသာသောနိုင်ငံများကို တိုက်တွန်း

**နယူးယောက် ဩဂုတ် ၁၈**

အာဖရိကတိုက်တွင် မျောက်ကျောက်ရောဂါကူးစက်မှုများ ရှိနေသည့်အတွက် မျောက်ကျောက်ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးရန် နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းတစ်ခုက ချမ်းသာသောနိုင်ငံများကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အာဖရိကတွင် မျောက်ကျောက်ရောဂါပျံ့နှံ့မှုသည် နိုင်ငံတကာ၏ စိုးရိမ်စရာဖြစ်သော ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဩဂုတ် ၁၄ ရက်တွင်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်ထွက်ပေါ်လာပြီးနောက် ချမ်းသာသောနိုင်ငံများအား ကာကွယ်ဆေးများထောက်ပံ့ပေးရန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်ပွားနိုင်ခြေပိုများသည့် မျောက်ကျောက်ရောဂါသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ပြန်လည်ဖြစ်ပွားနေပြီး အာဖရိကရှိ အခြားနေရာများတွင်လည်း ပျံ့နှံ့နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မှတ်ချက်ပြုပြောကြားသည်။

ယခုဖြစ်ပွားလျက်ရှိသည့် မျောက်ကျောက်ကပ်ရောဂါသည် ယခင်ဖြစ်ပွားမှုအရေအတွက်ကို ကျော်လွန်နိုင်သည့်အတွက် ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း အကြီးတန်းအရာရှိ ဘရွန်ဝန်နီခိုက ပြောကြားခဲ့သည်။

အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါ စမ်းသပ်စစ်ဆေးမှု၊ ကုသမှုနှင့် ကာကွယ်ဆေးများ ထောက်ပံ့ပေးမှုဆိုင်ရာ လုပ်ဆောင်ချက်များဆောင်ရွက်ရန် အရေးကြီးကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို သင်ခန်းစာယူပြီး မျောက်ကျောက်ရောဂါကူးစက်မှုကို ကာကွယ်ထိန်းချုပ်ရန်လိုအပ်ကြောင်း ၎င်းက ပြောသည်။

ကာကွယ်ဆေးလက်ကျန်အများစုသည် ချမ်းသာသောနိုင်ငံများတွင်သာ ကျန်ရှိနေပြီး အဆိုပါနိုင်ငံများအနေဖြင့် အာဖရိကသို့ ဆောလျင်စွာပေးပို့ကြရန် ၎င်းက တိုက်တွန်းပြောကြားသည်။

အာဖရိကဒေသတွင် မျောက်ကျောက်ရောဂါကာကွယ်ဆေး ၁၀ သန်းကျော်လိုအပ်သော်လည်း လက်ရှိတွင် ၂၀၀၀၀၀ ခန့်သာရရှိနိုင်သေးကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် –အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင် အပစ်အခတ်ရပ်စဲရေး သဘောတူညီရန် အီဂျစ်နှင့် ပြင်သစ်တို့က တောင်းဆို

**ကိုင်ရို ဩဂုတ် ၁၈**

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် အီဂျစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဆီဂျာနီတို့သည် ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ဩဂုတ် ၁၇ ရက်က အလေးအနက်ပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုကဲ့သို့ သဘောတူညီချက်တစ်ခုရယူခြင်းအားဖြင့် သွေးထွက်သံယိုမှုနှင့် ဒေသတွင်းတည်ငြိမ်ရေး တိုးမြှင့်လာမှုကို တားဆီးနိုင်လိမ့်မည်ဖြစ်ကြောင်း ဆီဂျာနီနှင့်တွေ့ဆုံစဉ် အီဂျစ်သမ္မတ အယ်လ်စီစီက ပြောကြားခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသတွင် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများသည် ဆိုးရွားပြီး အန္တရာယ်ရှိသော မတည်ငြိမ်မှုသံသရာသို့ ဦးတည်သွားစေနိုင်ကြောင်း အီဂျစ်သမ္မတ အယ်လ်စီစီက သတိပေးခဲ့ကြောင်း သိရသည်။

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးရရှိရန်မှာ ဒေသတွင်းတင်းမာမှုများ လျော့ပါးစေရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရန်နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် အီဂျစ်နိုင်ငံ၏ သံတမန်ရေးရာ ကြိုးပမ်းမှုများကို ချီးကျူးခဲ့ကြောင်း သိရသည်။



ထို့ပြင် ကာတာ၊ အမေရိကန်နှင့် အီဂျစ်တို့၏ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သော တိုးတက်မှုများရရှိခဲ့ကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသ ပဋိပက္ခနှင့်ပတ်သက်၍ ဟားမတ်စ်နှင့် အစ္စရေးတို့၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိရန် ကာတာ၊ အမေရိကန်နှင့် အီဂျစ်နိုင်ငံတို့က စေ့စပ်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကင် အစ္စရေးနိုင်ငံသို့ သွားမည်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကင်သည် ဩဂုတ် ၁၉ ရက်တွင် အစ္စရေးနိုင်ငံသို့ သွားရောက်ပြီး ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

နေတန်ယာဟုသည် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ထံမှ အစီရင်ခံစာကို လက်ခံရရှိကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ဩဂုတ် ၁၇ ရက်တွင် လူမှုမီဒီယာ၌ ရေးသားဖော်ပြခဲ့သည်။

အပစ်အခတ် ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး အဖွဲ့သည် အသစ် ပြင်ဆင်ထားသည့် အမေရိကန်၏ အဆိုပြုချက်နှင့် ပတ်သက်၍ အစ္စရေးဝန်ကြီးချုပ်ထံ ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အစ္စရေး နှစ်နိုင်ငံသည် ယခင်ကထက် ပိုမိုနီးကပ်စွာ ရှိနေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က သတင်းထောက်များကို ပြောကြားသည်။

ဟားမတ်စ်အဖွဲ့က အစ္စရေးနှင့် အမေရိကန်တို့ကို မယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အစ္စရေးအစိုးရသည် တိုက်ခိုက်ရေးဆိုင်ရာ လုပ်ဆောင်ချက်အသစ်များကို ဆောင်ရွက်ရန် ထပ်မံ စီစဉ်နေကြောင်း ပြောကြားသည်။ လက်ရှိတွင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာဒေသကို ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။



ဩဂုတ် ၁၈ ရက်တွင် ဂါဇာအလယ်ပိုင်း၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှု အတွင်း ပြည်သူ ၁၇ ဦး အနည်းဆုံး သေဆုံးပြီး ဒါဇင်နှင့်ချီ ဒဏ်ရာရရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေကြေးများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ) ၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော လက်ကောက် ၁၂ ကွင်း၊ ကျောက်စိမ်း လည်ဆွဲပုတီး (လတ်) ၁၁ ကုံးအပါအဝင် ကျောက်စိမ်းပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် မင်းကုန်းကားလမ်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၀၁၅) တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၇၃၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၇၇၃၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Foam Slipper ဖိနပ်အရန် ၂၀၀၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၄၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၆ ရက်တွင် ပြည်မြို့ ဆံတော်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီ တစ်လီတာပါဘူး ၁၁၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၂၀၀၀)၊ ပြည်မြို့နယ်အတွင်း၌ ပြည်မြို့မှ နတ်တလင်းမြို့သို့ ပို့ဆောင်ရန် ကုန်စည်များ တင်ဆောင်နေသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် ဟင်းသီးဟင်းရွက်ဆီတစ်လီတာပါ ဘူး ၁၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုညဒသမ ၆၁၆ တန်၊ သစ်မာ သုည ဒသမ ၈၅၅ တန် (ခန့်မှန်းတန်ဖိုးငွေ ၆၄၁၆၇၂ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၈၆၇၂ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ လိုင်စင်မဲ့ Toyota Voxy ယာဉ်တစ်စီးနှင့် Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) နှင့် ခန္တီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Kenbo 125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ကန့်သတ်ထားသော ကုန်ပစ္စည်းများဖြစ်သည့် Propio Phendne ဟု ယူဆရသော ဓာတုဆေးရည်လီတာ ၁၀၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀)ကို ဓာတုပစ္စည်းနှင့် ဆက်စပ်အန္တရာယ် တားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်း၊ ကလေးမြို့နယ် ဒိုးဝိုင်းချောင်းကျေးရွာ၌ တရားမဝင် နိုင်ငံခြားငွေဖြစ်သည့် အိန္ဒိယနိုင်ငံသုံး ရူပီး ၅၀၀ တန် အရွက် ၈၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၈၀၀၀၀၀) ကို နိုင်ငံခြားငွေစီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၅၀၀၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၂၀၇၂၈၇၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ) ၌ သိမ်းဆည်းရမိမှု။

# ကြို့ပင်ကောက်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများသို့ သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်

**ကြို့ပင်ကောက် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုဓာတ်မြေဩဇာများကို ယနေ့နံနက်ပိုင်းက ဖြန့်ဖြူးပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ပန်းဘဲတန်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၂၂ ဦး၏ စိုက်ကေ ၁၂၃ ကေအတွက် တန်ဖိုးငွေကျပ် ၂၄ ဒသမ ၆ သန်း၊ တူးကံစိုက်ပျိုးရေးနှင့် အထွေထွေ



သမဝါယမအသင်းမှ အသင်းသား ၁၆ ဦး၏ စိုက်ကေ ၅၆ ကေအတွက် တန်ဖိုးငွေကျပ် ၁၁ ဒသမ ၂ သန်း၊ ဂုမ္ဗကွင်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၃၂ ဦး၏ စိုက်ကေ ၁၅၅ ကေအတွက် တန်ဖိုးငွေကျပ် ၃၁ သန်း၊ ရွာသာကုန်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၄၄ ဦး၏ စိုက်ကေ ၃၁၈ ကေအတွက် တန်ဖိုးငွေကျပ် ၆၃ ဒသမ ၆ သန်း၊ ဒေါင်းလူး စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၂၃ ဦး၏ စိုက်ကေ ၂၃၃ ကေအတွက် တန်ဖိုးငွေကျပ် ၄၆ ဒသမ ၆ သန်း၊ ဘုကြီးစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းမှ အသင်းသား ၃၇ ဦး၏ စိုက်ကေ ၁၆၀ အတွက် တန်ဖိုးငွေကျပ် ၃၂ သန်း၊ ကျခတ္တန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသား ၁၉ ဦး၏ စိုက်ကေ ၆၅ ကေအတွက် တန်ဖိုးငွေကျပ် ၁၃ သန်း၊ ပေပင်ခုံစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားရှစ်ဦး၏ စိုက်ကေ ၆၆ ကေအတွက် တန်ဖိုးငွေကျပ် ၁၃ ဒသမ ၂သန်း၊ ကျွန်းသာယာစိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသား၁၄ ဦး၏ စိုက်ကေ ၇၄ ကေအတွက် တန်ဖိုးငွေကျပ် ၁၄ ဒသမ ၈ သန်း၊ စုစုပေါင်း အသင်းသား ၂၁၅ ဦး၏ စိုက်ကေ ၁၂၅၀ အတွက် တန်ဖိုးငွေကျပ်သန်း ၂၅၀ နှင့်ညီမျှသော သွင်းအားစုဓာတ်မြေဩဇာများကို အသင်းသားများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၈-၂၀၂၄ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၀၆:၃၀ တိပိဋကဓရတိပိဋကကောဝိဒမဟာဂန္ထဝါစကဘွဲ့ရ သူ၏ထေရုပ္ပတ္တိမှတ်တမ်း(ဒုတိယပိုင်း) (စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်္ကန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ "အချင်းချင်းဒုက္ခမဖြစ်စေချင်တာမေတ္တာ" တရားတော်
- ၀၈:၄၀ စာရေးတံမဲပါဝင်ပွဲ
- ၀၉:၁၅ နဝင်္ဂဥပါသထသီလပေးတရားတော်
- ၀၉:၄၀ စိုက်ပျိုးရေးရာအဖြာဖြာ "ဝါသီးနှံအထွက်တိုးစေဖို့သမဝါယမစနစ်ဖြင့်ပံ့ပိုးကူညီ"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ "အမျိုးသားစာပေတစ်သက်တာဆုရှင် ဒေါက်တာထွန်းတင့် "(အပိုင်း-၁)
- ၁၂:၃၀ "မြတ်စွာဘုရားနှစ်သက်သောဘဝနေထိုင်နည်း" တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) "ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး" (အပိုင်း-၂၇)
- ၁၅:၂၀ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၃၅ မျိုးဗုဇ်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၄၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၂၅ သီတဂူဆရာတော်ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏မေတ္တာသုတ္တန်တရားတော်
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ (ဖိလစ်ပိုင်) "ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး" (အပိုင်း-၃၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) "ဟန်ဆောင်ကဗျာထဲကရွှေရည်စိမ်မှတ်တမ်း" (အပိုင်း-၇)
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ "အခမ်းနားဆုံးသစ်ပင်" (အပိုင်း-၆)

### mitv

- 07:01 Evergreen Classic: Zambudipar (Shwe Yee Win)
- 07:10 Attractive New Destinations of Bagan
- 07:33 May the Metta, Loving Kindness Flourish
- 07:52 Myanmar Traditional Snacks: Shwe Hta Min
- 08:01 News
- 08:26 Asia Updates; The Forefront of Sustainability (NHK World)
- 08:32 Myanmar Childhood Games (Episode-2)
- 08:39 Kay Tu Mar Lar "The Family"
- 08:49 People's Military Service Law 8
- 09:01 A Worth Keeping Treasure of Anyar
- 09:33 Underwater Photographer
- 09:53 Gardener: Rose Plantation
- 10:01 News
- 10:27 ASEAN Information Exchange Initiative: Bike Tour in Myanmar
- 10:34 Topical Topics Thabyuthee or Elephant Apple Curry

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** မုန့်ဖုတ်ထောင်းပြုလုပ်နည်း
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင်(အပိုင်း-၃)
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** မန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး
- **ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** အမဲသားတုတ်ထိုး
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၉)
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** တွေမြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ
- **ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)** ချင်း(ချိုး)ဝတ်စားဆင်ယင်မှုများ(အပိုင်း-၁)
- **ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** ရာမညမြေမှအလှတရားများ(အပိုင်း-၃)
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** မျိုးဗုဇ်တင့်စေယဉ်ကျေးမှုအငွေ(အပိုင်း-၁)
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ကျိုင်းတုံ-မိုင်းပျဉ်းကြားကရှုမငြီးတဲ့လမ်းခရီး

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ Weekly Selected News
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလဲ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီယားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လျှို့ခြင်းအတူတူ"
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဝင်ကာပူနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်....ပန်းတိုင်ဆီ ( အပိုင်း-၃၇)
- ၁၈:၀၀ Economic review "AT Governance"

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၃၀ အငှေ့ထုတ်ပြောင်းသုတေသနမှသည် တောင်သူဆီသို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Hachi-A Dog's Tale (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ Modern Agriculture Machines That Are At Another Level #4
- ၁၉:၄၅ TIPS & TRICKS
- ၂၂:၀၀ Haunted Mansion (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ PARIS OLYMPIC GAMES SPECIAL
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၁၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Mahar United FC- Thitsar Arman FC

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စိတ်ခွန်အားမှသည် စိတ်တန်ခိုးဖြင့် ... ဆီသို့

— — — သဲဟန်(ဘန်ကောက်) — — —

စိတ်သာရှင်စော၊ ဘုရားဟော။

မြတ်ဗုဒ္ဓဟောခဲ့တာမှာ စိတ်ကို အသေးစိတ်၊ အနုစိတ်တာမှ ခေတ်သစ် QUANTUM PHYSICS အထိ၊ ATOM, PROTON, NEUTRONS, ELECTRONS ခေတ်သစ် ရူပဗေဒတွေ့ရှိချက်တွေကို နှစ်ပေါင်း ၂၆၀၀ ကျော်ကတည်းက တွေ့ရှိဟောကြားခဲ့တာပါ။

ဗုဒ္ဓဘာသာမြန်မာအများစုကတော့ ရုပ်မြင်သံကြားက မဟာဗောဓိတရားတွေလာရင် ကိုရီးယားကား CHANNEL ကို REMOTE ခလုတ်လေးနှိပ် ပြောင်းကြည့်လေ့ရှိကြပါတယ်။ ဒါကိုတွေ့တော့ ကိုးကွယ်ရာဘာသာမရှိတဲ့ စင်ရော်ငှက်ကလေး ယောနသန်ရယ်၊ ကံအကြောင်းမလှခဲ့တဲ့ နာကြည်းစရာဘဝ ဘာသာမဲ့ ၁၂ နှစ်သားကလေးအရွယ်ကနေ စိတ်တန်ခိုးနဲ့ အလွန်အောင်မြင်သော ဦးနှောက်နဲ့ စိတ်ပညာရှင်ကြီးတစ်ဦးအကြောင်း ဖတ်ပြီးတော့ ဗုဒ္ဓဘာသာဝင်တွေကိုယ်စား ရှက်ပြုံးလေးပြုံးမိရပါတယ်။ တစ်ချိန်တည်းမှာပဲ အဆိုတော် အောင်ကိုလတ်ဆိုခဲ့တဲ့ A B C D မတတ်ဘဲနဲ့ အရပ်ထဲကိုလည်ဆိုတဲ့သီချင်းကို တီးတိုးညည်းမိပါတယ်။

### လူတိုင်းရဲ့ အတွင်းသဏ္ဍာန်ထဲက အကောင်းတွေ မြင်အောင်ကြည့်

RICHARD BACH ရဲ့ ယောနသန်စင်ရော်ကို အကြိမ်ကြိမ်ဖတ်ခဲ့ဖူးပါတယ်။ တစ်ခါပြန်ဖတ်တိုင်း ဖတ်တိုင်း အတွေးတစ်မျိုး၊ အသိဉာဏ်တစ်မျိုး ပေါ်ပါတယ်။ ငယ်ငယ်တုန်းကတော့ သူများမလုပ်နိုင်တာကို ကြိုးစားထိုးဖောက် လုပ်နိုင်စွမ်းရည်ကို အားကျခဲ့ရတာပါ။

မေတ္တာတွေ၊ ကရုဏာတွေ၊ တရားသဘောတွေ ပါမှန်းမသိခဲ့ပါဘူး။ အခုကြီးလာတဲ့အခါ တစ်ခါပြန်ဖတ်တိုင်း ဖတ်တိုင်း စိတ်ရဲ့တန်ခိုး စိတ်စွမ်းအားတွေ၊ လုံ့လစိုက်ထုတ်မှု၊ ဒသနိကသဘော၊ ပရမတ္တတရားသဘောတွေ ထင်ဟပ်သဘောပေါက်လာရပါတယ်။ မူရင်းအင်္ဂလိပ်ဘာသာ JONATHAN LIVINGSTON SEAGULL ကို ဖတ်လိုက် တွေးလိုက်၊ ခမ္ဘိကဘသန်း (လွတ်လပ်ရေးမော်ကွန်းဝင် သရေစည်သူ ဗိုလ်မှူးကြီး)ရဲ့ မြန်မာပြန်ကို ဖတ်လိုက်နဲ့၊ ဖတ်တိုင်း ဖတ်တိုင်း စိတ်ခွန်အားတွေ တဖွားဖွားဖြစ်စေခဲ့ပါတယ်။

ယောနသန်စင်ရော်ဟာ သာမန်ငှက်ပိန်း မဟုတ်ပါ။ လေဟုန်ဝေဟင်ကနေ အဖန်ဖန်ပြန်ကျလည်း အားသစ်ဖြည့် ပြန်ထ၊ အထက်အောက် ပျံသန်းနိုင်တဲ့ ငှက်စွမ်းကောင်းပါ။ ပေတစ်ထောင်အမြင့် အာကာယံကနေ ပင်လယ်ထဲထိုးကျ အရှိန်ယူပြီး အရှိန်ဖြင့် ရုတ်ခြည်းဖောက်ထိုးပြူ တည့်တည့်မတ်မတ်ကြီးအောက်သို့ ပင်လယ်လှိုင်းများဆီသို့ မီးပွင့်လုမတတ် စိုက်ထိုးဆင်းသက်တတ်တဲ့ ယောနသန်စင်ရော်ပါ။

အောက်စိုက်ကျဆင်းရာကနေ ခက်ခက်ခဲခဲ ပေတစ်ထောင်အမြင့် အာကာတွေကို ပြန်တက်၊ ရှေ့တည့်တည့် အားကုန်ပျံ၊ နောက်တစ်ခါ အောက်ကို ဖောက်ထိုး ဒေါင်လိုက်ကြီး စိုက်ချတဲ့ ယောနသန်၊ ဂျင်လို တလိမ့်ခေါက်ကွေးကျ ပြန်ပြီး ပျံတက်လိုက်။

တစ်ခါတုန်းက စင်ရော်အိုငှက်ကြီးတစ်ကောင်က သူ့ကိုလိုက်ထိုးပြီး အနိုင်ကျင့်လို့ သူကြိုးစားရယူထားတဲ့ ငါးငယ်လေးတစ်ကောင်ကို ချပေးလိုက်ရတာ သူမမေ့။ အားကြီးသူက အနိုင်ကျင့်စမြဲ။ သြော်- ဒီအစာအတွက် အချိန်ကုန်ခံမည့်အစား၊ အချိန်တွေကို အပျံလေ့ကျင့်ခြင်းဖြင့် ကုန်စေတာ မကောင်းပါလား၊ လေ့လာစရာ၊ သင်ယူစရာ နိသရည်းတွေ အများကြီးတောင်မှပဲ၊ ဒါသူ့အတွေး။

သတ္တဝါဆိုတဲ့ ဘဝကို ရလာကြတာဟာ သင်ယူဖို့၊ တွေ့ရှိဖို့၊ တတ်မြောက်ဖို့၊ ကျော်လွှားနိုင်ဖို့။ ဒါဟာ စင်ရော်ငှက်ကလေးက လူသားတွေကိုပေးတဲ့ သင်ခန်းစာ။ လူသားတွေ လေ့သူရဲတွေအတွက် ယောနသန်စင်ရော်ငှက်ကပေးတဲ့ စိတ်ခွန်အား၊ စိတ်တန်ခိုး...။

"ငါဟာ အရိုးနဲ့အသွေးဆိုတဲ့ ရုပ်ခတ်သာရှိတာ မဟုတ်ဘူး။ ဘာကမှ ကန့်သတ်ချုပ်ချယ်မထားတဲ့ ကျွတ်တမ်းဝင်တရားနဲ့ လွတ်မြောက်စွာ ပျံသန်းမှုတရားတွေကို ထိုးထွင်းသိမြင်တဲ့ ဉာဏ်ပညာဆိုတဲ့ နာမ်ခတ်တစ်ခုလည်း တွေ့ရတယ်။"

ဟော ရုပ်နဲ့ နာမ်တရားကို စင်ရော်ငှက်က ပြနေပြီပါပကောလား။

ဆရာ ယောနသန်က အကြည်ခံထားရတဲ့ ဖလက်ချာငှက်ကလေးကို သင်ပေးတယ်။ ဒီမှာ ဖလက်ချာ၊ မင်းရဲ့ မံသမျက်စိတွေက ပြောပြနေတာတွေ မင်းမယုံလေနဲ့။ အဲဒါအကန့်အသတ် အချုပ်အချယ်တွေပဲ။ ဘာကိုမဆို အမြင်သိနဲ့သာ မဟုတ်ဘဲ ပညာသိနဲ့ နားလည်အောင်၊ မြင်တတ်အောင်၊ တွေ့အောင်ရှာကြည့်ကွ။ ဒါဆို ပျံသန်းခြင်းအတတ်ရဲ့ လမ်းမတော်ကြီးကို မင်းမြင်လာလိမ့်မယ်တဲ့။ ဒီမှာ မင်းကိုကြဉ်ထားတဲ့ အုပ်စုကြီးဆီကို မင်းပြန်သွားပြီး မင်းတတ်တဲ့ပညာ သင်ပေးချင်တဲ့စိတ်မျိုးပေါ်လာသည်အထိ မင်းမေတ္တာပွားရမယ်။ မင်းသတိပြုရမှာက မုန်းတီးခြင်းနဲ့ မကောင်းမှုဆိုတာကို မင်းမစွဲလမ်းရဘူး၊ မချစ်ရဘူး။ သူတို့တစ်ကောင်ချင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းရဲ့ အတွင်းသဏ္ဍာန်ထဲမှ အကောင်းတွေကို မင်းမြင်အောင်ကြည့်ဖို့ ကြိုးစား။ ဒီအကောင်းတွေမြင်လာရင် မင်းသူတို့ကို အကူအညီပေးရမယ်။ မေတ္တာတရားဆိုတာဒါမျိုးပဲလို့ ငါဆိုလိုချင်တာ၊ မေတ္တာတရားရဲ့အထာကို မင်းသိလာရင် သိပ်ပျော်စရာကောင်းတယ်တဲ့။

အလိုလေး၊ ဒါ ယောနသန်စင်ရော်က ဖလက်ချာငှက်လေးကို တရားပြနေတာ၊ မေတ္တာတရားသင်ပေးနေတာ။ လူတွေကို ကြည့်လိုက်ကြပါဦးကွယ်တို့ရယ်။

တိရစ္ဆာန်မှာ ကိုးကွယ်တဲ့ဘာသာမရှိဘူး၊ ဒါပေမဲ့ မေတ္တာတရား၊ ရုပ်တရား၊ နာမ်တရားတွေကို သူ ညွှန်ပြသွားတယ်လေ။

### ကရုဏာဖြင့် နှလုံးသားဒဏ်ရာ ကုစားအောင်နိုင်ခြင်း

ကရုဏာတရားကို လက်တွေ့ပွားများခြင်းကနေ ဘဝမှာ ဘယ်လိုမှမမျှော်မှန်းနိုင်တဲ့ ပြောင်းလဲမှု၊ အောင်မြင်မှုတွေရခဲ့တာကို ဘာသာတရားမရှိ စိတ်ဒဏ်ရာအပြည့်နဲ့ ၁၃ နှစ်သား အမေရိကန်နိုင်ငံသားကလေးငယ်က သက်သေပြလိုက်ပါပြီ။

ဖခင်အရက်သမား မူးပြီးကားတိုက်လို့ အလုပ်ပြုတ်၊ ထောင်ခဏခဏကျ၊ မိခင်က စိတ်ကျရောဂါနဲ့ သူ့ကိုယ်သူ သေကြောင်းကြံတာမှ အကြိမ်ကြိမ်၊ အမေဆေးရုံပို့ဖို့၊ ကျောင်းအကြိမ်ကြိမ်ပျက်၊ သူ့ပညာရေးကိုလည်း မိဘကမပံ့ပိုးနိုင်၊ ဒီလိုကံအကြောင်းမလှတဲ့ ကလေးငယ်လေးဟာ ဆိုးကျိုးတွေ၊ ခါးသီးမှုတွေနဲ့ သူ့ဘဝဟာ ကျိန်စာသင့်နေတယ်လို့ သူထင်မိတယ်။ တစ်နေ့မထင်မှတ်ဘဲ ကရုဏာတရားရှုမှတ်ဖို့ သင်ပေးတဲ့သူနဲ့ ကြုံခဲ့ရတယ်။ ဒါသူ့ဘဝရဲ့ အံ့မခန်းပြောင်းလဲချက် ခြေလှမ်းပါ။

မျက်လှည့်ဝါသနာပါတဲ့ ကလေးငယ်ဟာ မျက်လှည့်ပစ္စည်းရောင်းတဲ့ ဆိုင်တစ်ဆိုင်ကို ရောက်သွားပြီး ဆိုင်ရှင်ရဲ့မိခင်က ကလေးကို မျက်လှည့်သင်ပေးမယ်ဆိုရာက စခဲ့ပါတယ်။ တကယ်တော့ အမျိုးသမီးကြီးဟာ မျက်လှည့်မတတ်ပါဘူး။ ကလေးကို အသက်ရှူသွင်း၊ ရှူထုတ်လေ့ကျင့်ပြီး ကရုဏာပွားတတ်အောင် သင်ပေးခဲ့တာပါ။ ကရုဏာတရားပွားခြင်းနဲ့ ဝင်လေ ထွက်လေ ရှုမှတ်ခြင်း အလေ့အကျင့်ကို ထူထောင်ပေးလိုက်တာပါ။ ဒီအလေ့အကျင့်ဟာ သူ့နှလုံးသားဒဏ်ရာတွေကို ကုစားပေးနိုင်ရုံသာမက သူ့အနားက သူတွေရဲ့ နှလုံးသားဒဏ်ရာတွေကိုပါ သူကုစားပေးနိုင်ခဲ့ပါပြီ။

သူဟာ ဒီကနေ့ အလွန်အောင်မြင်ကျော်ကြားနေတဲ့ ဦးနှောက်ခွဲစိတ် အထူးကုဆရာဝန်ကြီး၊ ဦးနှောက်နဲ့ နှလုံးသားချိတ်ဆက်မှု သုတေသနပညာရှင်ပါမောက္ခကြီး၊ CCARE – CENTER FOR COMPASSION ALTRUISM RESEARCH & EDUCATION ခေါ်တဲ့ ကရုဏာနဲ့ မုဒိတာ သုတေသနနဲ့ ပညာရေးဗဟိုဌာနကြီးတစ်ခု တည်ထောင်သူ၊ ဦးဆောင်သူ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်လာခဲ့ပါပြီ။

ဘာသာမဲ့တဲ့၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဒီသူငယ်လေးဟာ ကရုဏာတရား၊ မုဒိတာတရား လူနာတွေကို ပွားများစေပြီး ဆေးကုပေးနေပါပြီ။ ဦးနှောက်ခွဲစိတ်ခန်းဝင်တဲ့အခါ လူနာရဲ့ အသက်အတွက်၊ သေမင်းနဲ့ စစ်ခင်းရချိန်မှာ သူဟာ ဝင်လေထွက်လေမှတ်၊ ကရုဏာ၊ မုဒိတာ ကမ္မဋ္ဌာန်းခေတ္တရှုပြီးမှ ဓားကိုင်သောလက်မတုန်ရအောင် ဆက်ထိန်းခွဲစိတ်နိုင်တော့တယ်လို့ ပြောပါတယ်။

ဒီလိုကရုဏာတရားရှုနည်း၊ မုဒိတာတရားရှုနည်းကို စာရေးသူရဲ့ကျေးဇူးရှင် အောက်စ်ဖို့ ဆရာတော်ကြီးရဲ့ တရားစခန်းမှာ အမြဲပွားများကျင့်ရပါတယ်။ နှလုံးသားတံခါးကို ဖွင့်ထားကြဖို့ ဆရာတော်ကြီး သွန်သင်ဆုံးမမှုတွေပါတဲ့ စာအုပ်လည်းပဲ ထုတ်ထားပါတယ်။ ကရုဏာဆိုတာ တစ်ဖက်သားရဲ့ဒုက္ခကို ကိုယ်ချင်းစာနာထောက်ထားတာပါ။ ကိုယ့်ကိုယ်တိုင်ကမှ ရေနစ်နေရင် သူတစ်ပါးကို ဘယ်လိုကယ်တင်မှာလဲ။ ဒါကြောင့် ကရုဏာတရား ရှုမှတ်နည်းမှာ –

၁။ ကိုယ့်ကိုယ်ကိုယ်အရင် ကရုဏာပွားရပါတယ်။

၂။ ကိုယ်နဲ့အနီးကပ်ဆုံး (မိဘ၊ ခင်ပွန်း၊ သားသမီး)၊

၃။ လုပ်ဖော်ကိုင်ဖက် ခင်မင်ရင်းနှီးသူ၊

၄။ ကိုယ်နဲ့မသိတဲ့ သူစိမ်း၊

၅။ ကိုယ့်ကိုရန်ပြုစော်ကားသူ၊ မုန်းတီးသူ။

ဒီအုပ်စု ငါးစုကို တစ်လှည့်ချင်းကရုဏာပွားရပါတယ်။ အုပ်စု ၁ ကနေ ၄ အထိ ခိုင်ပြီးမှသာ အုပ်စု ၅ ကို ပွားနိုင်မှာပါ။ ဘဝမှာ ဘယ်လိုခက်ခဲမှု၊ ရုန်းကန်မှုတွေ ကြုံခဲ့ရသလဲဆိုတာကို အလှည့်လိုက် ကရုဏာပွားရပါတယ်။

နောက်တစ်ဆင့် မုဒိတာ ကမ္မဋ္ဌာန်းပွားများခြင်းမှာတော့ ဒီလိုဒုက္ခတွေ၊ ကျဆုံးမှုတွေ ကျော်လွှားနိုင်ခဲ့ပြီး ဝမ်းမြောက်ရတဲ့၊ ပျော်ရွှင်ရတဲ့ အကြောင်းအရာလေးတွေကို ခုနလိုပဲ အလှည့်လှည့်ပြီး ပွားရပါတယ်။

စာရေးသူ တရားစခန်းမျိုးစုံဝင်ခဲ့၊ ဆရာများစွာထံက တရားဆည်းပူးခဲ့ရာ သက်တမ်းတစ်လျှောက်လုံး ဒီလို ကရုဏာ၊ မုဒိတာတရားရှုမှတ်နည်းကို အောက်စ်ဖို့ဆရာတော်ဆီရောက်မှပဲ စကြားဖူး၊ အားထုတ်ဖူးတော့တယ်။ ဆရာတော်ကြီးရဲ့ ကျေးဇူးကြီးမားလှပါတယ်။ နှလုံးသားတံခါးကိုဖွင့်စေခဲ့တဲ့ ဆရာတော်ကြီးကိုလည်း ဒီဆောင်းပါးဖြင့် ဦးညွှတ်ကန်တော့ပါတယ်ဘုရား။

ဗုဒ္ဓရဲ့တရားရှုမှတ်နည်းမျိုးစုံကို ရိပ်သာမျိုးစုံ၊ နည်းမျိုးစုံနဲ့ သူ့သာခကနဲ့သူ တရားမိုးတွေ ရွာသွန်းပေးနေတဲ့ စာရေးသူတို့နိုင်ငံမှာ အဘယ်ကြောင့်များ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ဆိတ်သုဉ်းနေရပါသလဲလို့ အကြိမ်ကြိမ်မေးခွန်းထုတ်မိပါတယ်။

ခုနပြောတဲ့ ဘာသာမဲ့၊ ဦးနှောက်ဆရာဝန်ကြီးရဲ့ သုတေသနဆောင်ရွက်ချက် စာတမ်းတွေကို လေ့လာကြည့်ရာမှာတော့ ဒီလိုကရုဏာပွား၊ မုဒိတာပွားနေတဲ့အခါ ဦးနှောက်ကနေ ဟော်မုန်းအရည်တွေ ထွက်လာပြီး ဦးနှောက်ကို ပြုပြင်ပြောင်းလဲစေနိုင်တယ်လို့ ဖတ်မှတ်ရပါတယ်။ အောက်စ်ဖို့ဆရာတော်ကြီးရဲ့ စကားနဲ့ပြောရရင်တော့ ဦးနှောက်ရဲ့အနောက်ခြမ်း ဝံပုလွေအမည်းက မကောင်းတဲ့အတွေး၊ အပြစ်မြင်၊ အပျက်သဘော အတွေးအမြင်တွေ လွှမ်းမိုးနေတဲ့ ဦးနှောက်အပိုင်းက ကျုံ့သွားပြီး ဦးနှောက်အရှေ့ခြမ်း ဝံပုလွေအဖြူ အကောင်းမြင်၊ အပြုသဘောဆောင်၊ တွေးခေါ်တတ်တဲ့ ဦးနှောက်အပိုင်းက ကြီးထွားဖွံ့ဖြိုးလာတယ်လို့ သင်ယူမှတ်သားရပါတယ်။

ခုနကဆရာဝန်ကြီးက ဘာသာကိုးကွယ်မှု မရှိပါဘူး။ ဒါပေမဲ့ သူဟာ ကရုဏာ၊ မုဒိတာပွားပြီး ဗြဟ္မစိုရ်တရားနဲ့ ဆေးကုပါတယ်။ ဦးနှောက်နဲ့ နှလုံးအိမ် ဟာဒယဆက်နွှယ်မှုကို အထူးပြုသုတေသနလုပ်တဲ့ ဆရာဝန်ကြီးဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အကြင်နာတရားပွားခြင်းကို သူ့ရဲ့ဆေးပညာလက်နက်တန်ဆာအဖြစ် အသုံးပြုပါတယ်။

ဒီကနေ့ ဦးနှောက်နဲ့ စိတ်ပညာဆရာဝန်ကြီးတော်တော်များများဟာ လူနာတွေကို တရားရှုမှတ်စေတဲ့နည်းနဲ့ ကုသနေကြတာ အတော်လေး ခရီးရောက်နေကြပါပြီ။

ရှေ့မှာပြောခဲ့တဲ့ ယောနသန်စင်ရော်ငှက်ကလေးကရော ဘာပြောသလဲ။ ကိုယ့်ကို ကြဉ်ထားတဲ့ ရန်ဘက်အုပ်စုကို **စာမျက်နှာ ၁၆ သို့** ❂

❝ ဒီမှာ ဖလက်ချာ၊ မင်းရဲ့ မံသမျက်စိတွေက ပြောပြနေတာတွေ မင်းမယုံလေနဲ့။ အဲဒါအကန့်အသတ် အချုပ်အချယ်တွေပဲ။ ဘာကိုမဆို အမြင်သိနဲ့သာမဟုတ်ဘဲ ပညာသိနဲ့ နားလည်အောင်၊ မြင်တတ်အောင်၊ တွေ့အောင်ရှာကြည့်ကွ။ ဒါဆို ပျံသန်းခြင်းအတတ်ရဲ့ လမ်းမတော်ကြီးကို မင်းမြင်လာလိမ့်မယ်တဲ့။ ဒီမှာ မင်းကိုကြဉ်ထားတဲ့ အုပ်စုကြီးဆီကို မင်းပြန်သွားပြီး မင်းတတ်တဲ့ပညာ သင်ပေးချင်တဲ့စိတ်မျိုးပေါ်လာသည်အထိ မင်းမေတ္တာပွားရမယ်။ မင်းသတိပြုရမှာက မုန်းတီးခြင်းနဲ့ မကောင်းမှုဆိုတာကို မင်းမစွဲလမ်းရဘူး၊ မချစ်ရဘူး။ သူတို့တစ်ကောင်ချင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းရဲ့ အတွင်းသဏ္ဍာန်ထဲမှ အကောင်းတွေကို မင်းမြင်အောင်ကြည့်ဖို့ကြိုးစား။ ဒီအကောင်းတွေမြင်လာရင် မင်းသူတို့ကို အကူအညီပေးရမယ်။ မေတ္တာတရားဆိုတာ ဒါမျိုးပဲလို့ ငါဆိုလိုချင်တာ၊ မေတ္တာတရားရဲ့အထာကို မင်းသိလာရင် သိပ်ပျော်စရာကောင်းတယ်တဲ့ ❞

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၂-၈-၂၀၂၄ ရက်နေ့မှအဆက်)

ဒွန်းစဏ္ဍားမသည် သူ၏သားငယ် အရွယ် ရောက်သောအခါ ၎င်းအား ခွက်တစ်ခုလက်ထဲတွင် ထည့်၍ စွန့်ပစ်ထားခဲ့လေသည်။ ၎င်းသည် သာဝတ္ထိ ပြည်၌ လှည့်လည်တောင်းခံသော် ရေးသူ့ဘဝ ဟောင်းက အိမ်ကိုမြင်လေပြီး ထိုအိမ်ထဲသို့ ဝင်သွား လေသည်။ ယင်းသို့ ဝင်သွားသောအခါ မူလသီရိ သူဌေး၏ သားငယ်သည် ၎င်းကိုမြင်၍ ကြောက်လန့် ငိုလေသည်။ သူဌေး၏အလုပ်သမားများက သူ့ကို ရိုက်နှက်ဆွဲငင်ပြီး အမှိုက်စွန့်ရာအရပ်၌ စွန့်ပစ်ကြ လေသည်။

ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ သာဝတ္ထိမြို့သို့ဝင်၍ ဆွမ်းခံကြွသောအခါ ၎င်းသူငယ် ကို တွေ့လေသည်။ ဘုရားရှင်က အရှင်အာနန္ဒာ အား မူလသီရိသူဌေးကို ခေါ်စေသည်။ ၎င်းသူဌေး ရောက်လာသောအခါ ဘုရားရှင်က ဤသူငယ်သည် ရှေးဘဝက သင်၏ဖခင်ဖြစ်ကြောင်း မိန့်မြွက်သည်။ ၎င်းကမယုံသဖြင့် ဘုရားရှင်က ထိုသူငယ်အား ရှေးယခင်ကထားခဲ့သော ရွှေအိုးကြီးရှိရာ ငါးနေရာ ကိုပြစေသည်။

ထိုအခါ မူလသီရိသူဌေးသည် ရွှေအိုးများရ၍ ဘုရားရှင်မိန့်ကြားသည်ကို လက်ခံလေသည်။ ဘုရား ရှင်အားလည်း ကိုးကွယ်ဆည်းကပ်လေသည်။ ဘုရားရှင်က သူဌေးအား **"လူမိုက်သည် ငါ့မှာ သားသမီးများရှိသည်။ ငါ့မှာ ဥစ္စာပစ္စည်းများ ရှိသည် ဟူ၍ တဏှာစွဲဖြင့် စိုးရိမ်ပူပန်နေကြသည်။ အမှန်စစ် မိမိသည် မိမိကိုယ်ကိုမပိုင်သဖြင့် ၎င်းတို့မှာ ဘယ်ကဲ့ သို့ပိုင်ဆိုင်ပါမလဲ"**ဟူ၍ ဂါထာဖြင့် ဟောကြား လေသည်။

**အင်္ဂုလိမာလ လူဆိုးကြီးကို ချွတ်ခြင်း**

ပသေနဒီကောသလမည်သော မင်းကြီးသည် ကောသလတိုင်း သာဝတ္ထိပြည်၌ မင်းလုပ်နေသည်။ ၎င်း၌အန္တကမည်သော ပုရောဟိတ်တစ်ပါးရှိသည်။ ၎င်းတွင် မန္တာနီမည်သောပုဏ္ဏားမဇနီးမယားရှိသည်။ တစ်နေ့သောအခါ၌ ပုဏ္ဏားမသည် အဆင်းအင်္ဂါနှင့် ပြည့်စုံသော သားတစ်ဦးကို ဖွားမြင်လေသည်။

၎င်းသား မွေးဖွားသည်နှင့်တစ်ပြိုင်နက် ပြည်သူ တို့၏ သုံးဆောင်နေသော လက်နက်တို့သည် အလျှံ အဝါ တောက်ပကုန်သည်။ နန်းတော်၌လည်း ဓား၊ လှံ၊ သန်လျက်၊ လက်နက်တို့သည်အရောင်တဝင်းဝင်း တောက်ပြောင်လာလေသည်။ ပုရောဟိတ်ပုဏ္ဏား အန္တက သည် သား၏ထူးခြားမှုကိုသိ၍ ကောင်းကင်မှ နက္ခတ်တို့ကြည့်ရှုကာ ဆင်ခြင်သုံးသပ်သောအခါ စောရနက္ခတ်နှင့် ယှဉ်မွေးဖွားသော သူ၏သားသည် ခိုးသူလူဆိုးကြီးဖြစ်လတ္တံ့ဟု သိလေသည်။

ပုရောဟိတ် အန္တကသည် ကောသလမင်းကြီး ထံသို့ သွားခစားသောအခါ "ပုရောဟိတ်...နန်းတော် ရှိ ဓား၊ လှံ၊ သန်လျက် လက်နက်အပေါင်းသည် အလျှံတောက်ပလျက်နေကုန်သည်။ အသက် အန္တရာယ်ရှိသလော၊ တိုင်းပြည်၏ အန္တရာယ်လော" ဟူ၍ မေးလေသည်။

အန္တကပုရောဟိတ်သည် "အရှင်မင်းကြီး မစိုးရိမ်ပါနှင့်။ မင်းကြီးမေးမြန်းသော အန္တရာယ် မရှိပါ။ ယနေ့ကျွန်ုပ်၏အိမ်၌ ဇနီးမှ သားတစ်ပါး ဖွားမြင်ပါ၏။ သူသည် သူခိုးလူဆိုးကြီးဖြစ်မည့် ပုဗ္ဗနိမိတ်ဖြစ်ပါ၏။ သူတစ်ဦးတည်းဆိုးသွမ်းမည်။ ထို့ကြောင့် ကျွန်ုပ်၏သားကို သုတ်သင်လိုက သုတ်သင်ပေးပါမည်"ဟု ကြိုတင်အပြစ်မရှိအောင် လျှောက်ထားလေသည်။ ထိုအခါ မင်းကြီးက ဆရာ ပုရောဟိတ် သင့်၏သားသည် တစ်ဦးတည်းဆိုးသွမ်း သည်ဖြစ်၍ မမှုပါ။ ၎င်းအားပြုစုစောင့်ရှောက်မွေးဖွား ပါဟု အမိန့်ပေးလိုက်လေသည်။

ပုဏ္ဏားကြီးသည် ကြောင့်ကြပေမယ့် မွေးမြူရ



လေသည်။ ၎င်းသည် သား၏အမည်ကို ငါတို့၏ မျိုးနွယ်ကို မညှဉ်းဆဲလတ္တံ့ဟူသော ပုဗ္ဗနိမိတ်ကို ယူ၍ အဟိံသကဟူ၍ အမည်ပေးလေသည်။ အဟိံသက အရွယ်ရောက်လာသောအခါ လူမွန်၊ လူချွန်ဖြစ်စေသောဆန္ဒဖြင့် တက္ကသိုလ်ပြည်သို့ စေလွှတ်ကာ ဒိသာပါမောက္ခဆရာကြီးထံ၌ အခ ကြေးငွေမပေးဘဲ ကျွန်ကဲ့သို့ ဆရာအား ပြုစု လုပ်ကျွေး၍ အတတ်ပညာများကို သင်ယူစေခဲ့ပါ သည်။

အဟိံသကသည် ဆရာ၏အလိုကို လိုက်၍ လိုလေသေးမရှိအောင် အရာရာကိုဆောင်ရွက်ပေး သည်။ အခြားတပည့်များ ဆောင်ရွက်ပေးစရာမလို အောင် လုပ်ပေးသည်။ ထို့ကြောင့် ဆရာကလည်း သားရင်းကဲ့သို့ထားပြီး အတတ်ပညာများကို သင်ကြားပေးလေသည်။ ၎င်းကလည်း ကြိုးစား သောကြောင့် ထူးချွန်တတ်မြောက်လေသည်။ ထိုသို့ အားဖြင့် ဆောင်ရွက်သောကြောင့် အခြားတပည့် များက မနာလိုဖြစ်လာလေသည်။

အခြားတပည့်များက အဟိံသက ကို မကောင်းကြံကြလေသည်။ အုပ်စုခွဲ၍ ဆရာ့ထံသို့ ဝင်ပြီး အဟိံသကသည် ဆရာ့ဇနီးနှင့်ရည်ငံ၍ ဖောက်ပြန်ကြောင်း ကုန်းတိုက်ကြလေသည်။ ဤသို့ဖြင့် ယင်းတပည့်များသည် ပထမ၊ ဒုတိယ ဖွဲ့ကာ ဆရာထံသို့ အဟိံသကအား ဆရာမုန်းတီး သွားအောင် ကုန်းချောစကား ပြောကြသည်။ ပထမ၊ ဒုတိယဖွဲ့ ကုန်းချောသော်လည်း ဆရာက မယုံကြည် ပါ။ နောက်ဆုံးအဖွဲ့က ကုန်းချောစကားပြောသော အခါ ဆရာသည် သံသယဝင်လာလေသည်။ ထို့ကြောင့် ဆရာသည် အဟိံသက၏ အမှုအရာကို အကဲခတ်လာသည်။

အဟိံသက ကလည်း ဆရာ့မိသားစုနှင့်ချစ်ခင် စွာ အရောတဝင်နေထိုင်လေသည်။ ဆရာသည် ယင်းသို့တွေ့ရှိသဖြင့် အဟိံသက ကို မုန်းတီးလာ သည်။ ၎င်းအား သူတစ်ပါးက အပြစ်ပြောမည်ကို လည်း လွတ်အောင် ဖျက်ဆီးရန် ဆရာသည်ကြံလေ သည်။ဆရာသည် အကြံရလျှင် အဟိံသကကိုခေါ်၍ "ချစ်သား အဟိံသက သင်ကဲ့သို့သော ပညာထက် မြက်၍ တပည့်ဝတ်ကျေပွန်သူ တပည့်ကောင်းရဖို့ ခဲယဉ်းသည်။ ထို့ကြောင့် သင့်အား ငါတတ်သော အတတ်အားလုံးကို သင်ပေးလတ္တံ့။ သို့သော် သင်သည် ငါ့အား ပူဇော်ထူးဖြင့်ပူဇော်မှ သင်ပေး မည်။ သင်ပူဇော်နိုင်အံ့နည်း"ဟု ဆိုလေသည်။ အဟိံသကလည်း "ဆရာက ဘယ်လိုပူဇော်ရမည်ကို ပြောပါ သူပူဇော်ပါမည်" ဟု ပြောလေသည်။ ဆရာ က "ငါ့အား လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်ရမည် ဖြစ်ကြောင်း" ဆိုလေသည်။

အဟိံသကသည် ဆရာအား ပြည့်စုံရစေမည်ဆို ကာ ဆရာကိုရှိခိုးပြီး သန်လျက်၊ လှံ၊ လေး၊ မြား၊ မီးဖောက်ဟူသော လက်နက်ငါးမျိုးကို ယူဆောင်၍ မြို့မှ ထွက်ခွာသွားလေသည်။ အဟိံသကသည် တောအုပ်တစ်ခု၌နေပြီး ဖြတ်သွားဖြတ်လာကြသော ယောကျ်ား၊ မိန်းမတို့ကိုသတ်လျက် တစ်ဦးကို လက်ညှိုး နှစ်ချောင်းဖြတ်ယူပြီး သစ်ရွက်များ ဖုံးအုပ် ထားလေသည်။ အလွန်ပညာဉာဏ်ကြီးမားသော် လည်း လူများကို သတ်ရဖန်များလှသော် စိတ်သည် မဖြောင့်ဘဲ ဤသို့အားဖြင့် လက်ညှိုးများထားလျှင် ပျောက်ကုန်မည် မစဉ်းစားဘဲ ထားခဲ့မိသည်။

**❛ထိုစဉ် ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် ယနေ့နံနက်မိုးသောက်ယံမှာ သတ္တလောကကြီး၌ ချေချွတ်ရမည့်သူကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်ရှုသော် အင်္ဂုလိမာလကို မြင်ရလေ သည်။ ၎င်းသည် ရဟန္တာဖြစ်လတ္တံ့ကို သိတော်မူ၍ ယနေ့ ငါသွား၍ တရားဟောရမူ တစ်ဂါထာတည်းဖြင့် ရဟန္တာဖြစ်မည်။ သို့မဟုတ် ငါဘုရားမသွားဘဲနေလျှင် မိခင်ကိုသတ်မိသဖြင့် အဝီစိငရဲသို့ ကျစေ မည်ဟု သိတော်မူလေသည်❜**

ထို့ကြောင့် ၎င်းဖြတ်ပြီး လက်ညှိုးများသည် ပျောက်ဆုံးကုန်လေသည်။ ထိုအခါ သူသည် လက်ညှိုး များကို ဤသို့ထားရန် မသင့်ဟုကြံ၍ နောင်တွင် ရသမျှ လက်ညှိုးများကို ပန်းကုံးသဖွယ် ကြိုးဖြင့်သီ၍ လည်တွင် ဆွဲထားလေသည်။ ထိုအခါမှစ၍ သူ့အား အင်္ဂုလိမာလ (လက်ညှိုးပန်းကုံးဆင်ထားသူ) ဟု လူတို့က ခေါ်ဝေါ်ကြကုန်သည်။ အင်္ဂုလိမာလသည် နေ့အခါ ခရီးသွား/ ခရီးလာများကို မမြင်သော အခါ ညအခါ၌ ရွာတွင်းသို့ဝင်၍ အိမ်ထဲဝင်ပြီး လူများကိုသတ်ကာ လက်ညှိုးများဖြတ်ယူပြီး ဇာလိနီ မည်သော တောအုပ်သို့ဝင်ပြေးလေသည်။ ၎င်းကို လူအပေါင်းက လိုက်ကြသော်လည်း သူသည် တစ်ဟုန်တည်းဖြင့် သုံးယူဇနာကို ခုန်ပျံကျော်လွှား ပြေးနိုင်သည်။ ထို့ကြောင့် လူတို့က ၎င်းကို မမီကြ ချေ။

ဤသို့အားဖြင့် ညရောနေ့ပါ လူတို့ကို သတ်၍ နေသောကြောင့် ကျေးရွာငယ်များ ပျက်စီးကုန်သည်။ ရွာကြီးနိဂုံးသို့ ပေါင်းစုကာ ရွှေ့ပြောင်းနေထိုင်ကြ ကုန်သည်။ ထိုသို့အားဖြင့် လူတို့သည် ကောသလ မင်းထံသို့သွား၍ "အရှင်မင်းကြီး အင်္ဂုလိမာလမည် သော လူဆိုးသူခိုးကြီးသည် မြင်မြင်သမျှ ယောကျ်ား၊ မိန်းမတို့ကို သတ်ဖြတ်၍ လက်ညှိုးဖြတ်ယူလျက်ရှိ သောကြောင့် အရပ်ရပ်ကျေးရွာများ ပျက်စီးကြကုန် သည်။ ထို့ကြောင့် ဤလူဆိုးသူခိုးအား ဖမ်းယူ ဖယ်ရှားပေးရန် ဆောင်တော်မူပါ" ဟု လျှောက်ထား ကြကုန်၏။

ကောသလမင်းကြီးသည် ထိုသတင်းကို ကြားသောအခါ အလွန်ပင်ထိတ်လန့်သွားသည်။ ၎င်းအား မဖမ်းဝံ့သော်လည်း ပြည်သူ ပြည်သားများ နှစ်သိမ့်စေရန် "သင်တို့ မစိုးရိမ်ကြနှင့် ငါ မနက်ဖြန် မြင်းစီးသူရဲကောင်းငါးရာနှင့် အင်္ဂုလိမာလကို ဖမ်းယူ စေအံ့"ဟု ဆိုလိုက်လေသည်။

ယင်းစကားကို ပုရောဟိတ်ကြီးကြားသော အခါ အိမ်သို့ပြန်၍ သူ့ဇနီး မန္တာနီပုဏ္ဏားမကြီး အား "ရှင်မရေ အခု လူသတ်လက်ညှိုးဖြတ်နေသူ အင်္ဂုလိမာလကား အခြားမဟုတ် ငါတို့သားတည်း။ မင်းကြီးသည် မနက်ဖြန် မြင်းငါးရာဖြင့် သူကိုဖမ်းယူ လတ္တံ့"ဟူ၍ ပြောကြားလေသည်။ သားဖြစ်သူကို သူ့ခင်ပွန်းပုရောဟိတ်အား ခေါ်ခိုင်း၍ မရသော ကြောင့် သူကိုယ်တိုင်သွားခေါ်ပါအံ့ ဆိုလေသည်။ ခင်ပွန်းဖြစ်သူ ပုရောဟိတ်ပုဏ္ဏားကြီးကတားသည်။ မရပါ။ သူ့ကို သတ်လျှင်သတ်ပါ။ သူ့သားကိုတော့ မသေစေလိုကြောင်းဆိုပြီး နောက်တစ်နေ့နံနက် စောစော ထမင်းစားသောက်ပြီး သားရှိသော တောအုပ်သို့ သွားလေသည်။

အင်္ဂုလိမာလသည် ဖြတ်ထားသော လက်ညှိုး များကို ရေတွက်သောအခါ တစ်ထောင်ပြည့်ရန် တစ်ယောက်လိုသည်ကိုသိရ၍ ဘယ်သူလာလာ ပထမတွေ့သည့်သူကို သတ်၍ လက်ညှိုးကိုဖြတ်ယူ ကာ တစ်ထောင်ပြည့်ကြောင်း ဆရာ့ထံအပ်၍ပူဇော် ကာ အတတ်ပညာကိုသင်ယူပြီးလျှင် အိမ်သို့ပြန်မည် ဟုကြံရွယ်၍ တောအုပ်တစ်ခုတွင် ပုံးကွယ်၍ စောင့်နေလေသည်။

မိခင်ဖြစ်သူ မန္တာနီပုဏ္ဏားမကြီးသည် ဇာလိနီ မည်သော တောအုပ်သို့ ရောက်သောအခါ "ချစ်သား အင်္ဂုလိမာလ ကောသလမင်းကြီးသည် သင့်ကို ဖမ်းယူရန် မြင်းစီးသူရဲကောင်းငါးရာဖြင့် လာကြ မည်။ သင့်အား သတ်တော့မည်။ မိခင်ထံသို့ အမြန် လာလော့"ဟု ဟစ်အော်၍ သွားလေသည်။ ဤသို့ဖြင့် မိခင်ကို မြင်လျှင် အင်္ဂုလိမာလသည် "ဤမိန်းမကို သတ်၍ လက်ညှိုးကို ဖြတ်အံ့" ဟု ကြံလျက်စောင့်နေ လေသည်။

ထိုစဉ်ဘုရားရှင်သည် ဇေတဝန်ကျောင်းတော် ၌ သီတင်းသုံးနေစဉ် ယနေ့နံနက်မိုးသောက်ယံမှာ သတ္တလောကကြီး၌ ချေချွတ်ရမည့်သူကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် ကြည့်ရှုသော် အင်္ဂုလိမာလကို မြင်ရ လေသည်။ ၎င်းသည် ရဟန္တာဖြစ်လတ္တံ့ကို သိတော် မူ၍ ယနေ့ ငါသွား၍တရားဟောရမူ တစ်ဂါထာတည်း ဖြင့် ရဟန္တာဖြစ်မည်။ သို့မဟုတ် ငါဘုရားမသွားဘဲနေ လျှင် မိခင်ကိုသတ်မိသဖြင့် အဝီစိငရဲသို့ ကျစေမည် ဟု သိတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# လှိုင်ကော်မြို့၌ သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



လှိုင်ကော် ဩဂုတ် ၁၈

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်လေဆိပ် အပြီးသတ်ပြင်ဆင်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် လေဆိပ် ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့အဝင်မုခ်ဦးသို့ သွားရောက်၍ မြို့အဝင်မုခ်ဦးနှင့် မြို့အဝင် ဆိုင်းဘုတ်များ သစ်လွင်မှုရှိစေရေးအတွက် ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ သန့်ရှင်းသာယာလှပရေးနှင့် မြို့အဝင်လမ်းဘေးဝဲ ယာတစ်လျှောက် ချုံနွယ်များရှင်းလင်း၍ သစ်ပင်ပန်းမန်များကို စနစ်တကျ စိုက်ပျိုးသွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် လှိုင်ကော်မြို့ မင်းကျောင်းကန်သို့ သွားရောက်၍ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်အပန်းဖြေ အနားယူနိုင်ရန်အတွက် ရေကန်နှင့် ရေကန်ပတ်လည်အား သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်ပြီး အလှပန်းပင်များ စနစ်တကျစိုက်ပျိုး၍ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မင်းကျောင်းပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သံဃာဆောင်များနှင့် ဆွမ်းစားဆောင်များအား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက် ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပျဉ်းမနားမြို့၌ ဗလငါးတန်နှင့်ပြည့်စုံသည့်လူငယ်များ ပေါ်ထွန်းလာစေရေး လူငယ်စာဖတ်ဝိုင်းကျင်းပ

ပျဉ်းမနား ဩဂုတ် ၁၈

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရေး၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက် လူငယ်စာဖတ်ဝိုင်းကို စာရေးဆရာ ဒေါက်တာ ခင်မောင်ညို ရေးသားထားသည့် "လူငယ်နှင့် အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနတွင်




ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

စာဖတ်ဝိုင်းတွင် ကျောင်းသားကျောင်းသူလူငယ် ၁၄ ဦးတို့က "လူငယ်နှင့် အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း" စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးကြရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)နှင့် စာရေးဆရာ၊ စာရေးဆရာမများက လူငယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးအနေဖြင့် စာဖတ်ဝိုင်းများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး စာဖတ်ဝိုင်းဆွေးနွေးပွဲများတွင် လူငယ်များပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများရရှိပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် ယခုကဲ့သို့ လူငယ်စာဖတ်ဝိုင်းကို ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျွန်းလှမြို့၌ မိုးစပါးစိုက်တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းဆင်းအသိပညာပေး

ကျွန်းလှ ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဒီနှစ် မိုးရာသီမှာ မိုးစပါးကို မျိုးစေ့ထုတ်ရန် ဧရာမင်းမျိုး သုံးဧကစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရာမှာ ကြိုးတန်း ခြောက်တန်းတစ်တန်းလှပ်စိုက်ပျိုးပြီး စိုက်နည်းစနစ်မှန်ကန်ဖို့ စိုက်ပျိုးရေးပညာရှင်တွေက လက်တွေ့ပြသကြပါတယ်။ ထွက်ရှိတဲ့စပါးမျိုးတွေကို ဒေသခံတောင်သူတွေထံ ဖြန့်ဝေပေးသွားဖို့ စီစဉ်ထားပါတယ်" ဟု ရှမ်းစုကျေးရွာ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း မျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း သင်တန်းဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ဒေသရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်း ဧရာမင်း၊ ရွှေသွယ်ရင်၊ မနောသုခနှင့် ချမ်းမြေ့မေ စပါးမျိုးများ စိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သထုံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သထုံ ဩဂုတ် ၁၈

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတို့တွင် မြို့သန့်ရှင်းသာယာရေးအတွက် အပတ်စဉ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက သထုံမြို့ နန်းခဲရပ်ကွက်ရှိ



ခရိုင် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်းကာ ဆေးရုံကြီးဝင်းအတွင်း၌ အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အင်အား၁၆၅ ဦးခန့်ဖြင့် တပျော်တပါး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –

❖ ငါးမွေးမြူရေးကန်များ၏ ကန်ဘောင်များခိုင်ခံ့ရန်အတွက် ကန်ဘောင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ဘောင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
❖ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၁၆-၈-၂၀၂၄ ရက်နေ့မှအဆက်)

"ဒါ ခင်လေးအဖြေပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ခင်မင်မှုကို အခွင့်အရေးယူတာလောက် အောက်တန်းကျတဲ့အပြုအမူ လောကမှာ မရှိတော့ဘူးထင်တယ်"

ဟုန်းခနဲ တောက်လောင်သော ရက်စိတ်ယမ်းမီးကြောင့် နံရံကို လက်သီးဖြင့် တအားထိုးချလိုက်သည်။

ထိုညက အိပ်မက်ထဲတွင် ကွင်းပြင်ကျယ်ကြီးတစ်ခုထဲ၌ ကျွန်တော်တစ်ယောက်တည်း အစအဆုံးမရှိ တစ်ဟုန်ထိုးထွက်ပြေးနေမိ၏။

ညသည်မလှ။

*****

(၄)

"အလို .... ဟိုရှေ့က ဇာတ်ထောင်ဆရာအိမ်နဲ့တူတယ်။ ဗျို့ .... အိမ်ရှင်တို့၊ အိမ်ရှင်တို့ မရှိကြဘူးလား"

"ရှိပ့ါခင်ဗျာ၊ ကြွပါ ကြွပါ"

"ဟုတ်ကဲ့၊ ကိုက်တတ်တဲ့ ခွေးများရှိရင် တစ်ဆိတ်လွှတ်လိုက်စမ်းပါ"

ဝိုင်းကြည့်နေကြသော အုပ်စုထဲမှ ရယ်သံတချို့ထွက်လာ၏။ ရိုးလွန်းနေပြီဖြစ်သော ရှေးပြက်လုံးဖြစ်သော်လည်း လုပ်နေကြသော လူများအမူအရာကြောင့် မရယ်ဘဲမနေနိုင်။

"ဟာ .... ဘယ်လိုလဲဟ၊ ခေါ်ထားစမ်းပါ၊ လုပ်စမ်းပါ"

"အေး .... အေး ခေါ်ထားစမ်းပါ။ ဒါနဲ့ ဇာတ်ဆရာ မရှိဘူးလား"

"သြော် .... ရှိပါတယ်၊ ရှိပါတယ်"

"ဟင် .... ကျုပ်က ခင်ဗျားမှတ်လို့"

"အဲ .... အဲဒါမှ ဒုက္ခပဲ၊ ဇာတ်ဆရာက ကျုပ်ဗျ"

ဘာမဟုတ်သော ကြောင်လုံးပင် ပရိသတ်က ပွဲကျနေပြီ။ ဒါဆို ဒီအစီအစဉ်လေးမှာ အတော်ကောင်းနိုင်သည်။ ယခုနှစ် တက္ကသိုလ်အနုပညာပဒေသာကပွဲတွင် တင်ဆက်ရန် အစီအစဉ်တစ်ခုဖြစ်သော ခေတ်သုံးခေတ် အငြိမ့်သဘင်သရုပ်ဖော်ကကွက်မှ ရှေးခေတ်အကကို တိုက်နေကြခြင်းပင်။

လူပြက်များက တင်မောင်ဌေး၊ အောင်ကျော်စိုးနှင့် ပေါ်ဦး။ မန္တလေးသား ပေါ်ဦးက သူ့နယ်ထွက်ပြက်လုံးမို့လားမသိ ပိုပိုင်သည်။

"ပွဲလိုချင်လို့လား"

"ဟုတ်ကဲ့၊ ကျုပ်တို့ရွာက ဘုန်းကြီးပျံအတွက် အမျိုးသမီးအဖွဲ့ ငှားခိုင်းလို့ပါ။ ခင်ဗျား ရက်အားရဲ့လား"

"ဟာ . . . တောက်တီးတောက်တဲ့ပွဲအားလားမေးပါဗျ"

ကျွန်တော်က ဗုံများတွင် ကပ်ထားသော ပတ်စာအနားသတ်ကို လက်ဖြင့်ညှိရင်း ပြုံးမိသည်။

"အင်းပါဗျာ၊ ပွဲအားရက် မေးတာပါ"

"ခင်ဗျားက ဘယ်နေ့ လိုချင်လို့လဲ"

"လာမယ့် အင်္ဂါပါ"

"အင်း ... အင်း ... အားပါတယ်"

"နို့ ... ကောင်းကော ကောင်းရဲ့လား"

"ဟာ .... ဘာဆိုင်လို့လဲ"

"ဘာဖြစ်လို့လဲဗျ"

"ပွဲငှားတာ ပွဲအကြောင်း မေးမှပေါ့။ ဘယ့်နှယ်နို့ ... ကောင်းလားဆိုတော့ ကျုပ်က နို့ကုလားမှ မဟုတ်တာ"

ပေါ်ဦးက ရင်ကို လက်ဖြင့်ဖိပြီး–

"အမယ်လေး ... တော်သေးတာပေ့ါ၊ ဒီလို တွေးပုံမျိုးနဲ့ မင်းသမီးများ သွားမေးမိရင် ပါးအကျိုးပဲ။ ကျုပ်မေးတာ ပွဲကောင်းလား မေးတာပါဗျာ"

"ကဲပါရှင်၊ တော်ကြပါဦး။ ကျွန်မလည်း ပရိသတ်များကို ဖျော်ဖြေပါရစေဦးလို့"

မင်းသမီးလုပ်သူ မြသန္တာက ဝင်ပြောသည်။ ထိုအခါမှ သူတို့က

လူရှဲပေးလိုက်ပြီး –

"အေး ... ဟုတ်သားပဲ၊ မင်းသမီးလေး မမြရင်ကို ပရိသတ်များကလည်း မျှော်လင့်နေရှာမှာပေ့ါ"

ဘာညာနှင့် မင်းသမီးကို လေပါတီမမြရင်အဖြစ် ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ မြသန္တာက လေပါတီ၏ 'တစ်နာရီတည်း' သီချင်းနှင့် ကသည်။

"ရွှေကြာပဒုံ .... နေအရုဏ်ခသည့်နှယ်.... မရွှင်လန်းပါတဲ့ .... မယ့်ဟဒယအိမ်ဝယ် .... အပါးရပ်လို့ နှစ်နားကပ်လို့ တိုင်ပင်ချင်တယ် .... မမြရင်ရဲ့ ငယ်ချစ်ကလေး... လေပါတီရဲ့ ငယ်ချစ်ကလေး ....

ညစဉ်မကွာပါတယ် .... မကြာမီလည်း နောင်အမြဲ နှစ်လရှည် .... မြရင်မှာ မောင်ရယ် .... တစ်နာရီတည်း မောင်နဲ့ ချစ်ပါရစေ .... "

ဘာရယ်မဟုတ်သော်လည်း ကနေသော မြသန္တာနေရာတွင် ခင်လေး ရောက်လာ၏။

ကျွန်တော့်ရင်ထဲတွင် တမ်းတမ်းတတ ဝေဒနာလေးတစ်ခုပေါ်လာသည်။

"ခင်လေးသာ ဒီလိုဆိုရင် ဘယ်လောက်ကောင်းမလဲ"

တောင့်တစိတ်လေးနှင့်မတွေ့ရသည်မှာ တစ်ဆယ့်လေးငါးရက်ရှိပြီဖြစ်ကြောင်း အမှတ်ရသည်။

အချိန်ကြောင့် စဦးခံစားမှုများဖြစ်သော ရက်ခြင်း၊ အားငယ်ခြင်းများနေရာတွင် တမ်းတခြင်းနှင့် အလွမ်းတို့ အစားထိုးနိုင်ပြီ။

ဘာမဟုတ်သောကြောင်လုံးပင် ပရိသတ်က ပွဲကျနေပြီ။
ဒါဆို ဒီအစီအစဉ်လေးမှာ အတော်ကောင်းနိုင်သည်။ ယခုနှစ်
တက္ကသိုလ်အနုပညာပဒေသာကပွဲတွင် တင်ဆက်ရန်အစီအစဉ်တစ်ခုဖြစ်သော
ခေတ်သုံးခေတ် အငြိမ့်သဘင်သရုပ်ဖော်ကကွက်မှ ရှေးခေတ်အကကို တိုက်နေကြ
ကျွန်တော့်ရင်ထဲတွင် တမ်းတမ်းတတ ဝေဒနာလေးတစ်ခုပေါ်လာ
တောင့်တစိတ်လေးနှင့် မတွေ့ရသည်မှာ
တစ်ဆယ့်လေးငါးရက်ရှိပြီဖြစ်ကြောင်း အမှတ်ရ

"ဖူးစာနှစ်ခိုင် ....သဘောတူဖွင့်မယ်ကြံရွယ် .... ချစ်ရဲ့လားကွယ် .... ကြိုက်ရဲ့လားကွယ် မေးစမ်းပါစေ .... တိုးတိုးတိတ်တိတ်ရယ် .... မောင်မလာရင် လေသာဆောင်မှန်ပြတင်းက .... "

မြသန္တာ အဆိုနှင့်အညီ ခြောက်လုံးပတ်ကို လိုက်ဖြည့်နေရင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ပေါ်ဦး၏ဟန်ကြောင့် သူ့ဆီလှမ်းကြည့်လိုက်သည်။

ပေါ်ဦးက မျက်ရိပ်ဖြင့် တံခါးဝဘက် လှမ်းပြသည်။ ကျွန်တော် သူပြရာသို့ ကြည့်လိုက်သည်။

အသက်ရှူခြင်းကို ခဏမေ့သွား၏။

"ခင်လေးတို့ပါလား"

ရင်ထဲတွင် တိုးတိုးရေရွတ်လိုက်သည်။ ဘာမှန်းမသိသော မျှော်လင့်စိတ်လေးနှင့် ဝမ်းသာသလိုဖြစ်သွား၏။ ကျွန်တော့်အကြည့်ကို ခင်လေး မြင်သည်။ မျက်လွှာချလိုက်၏။ သူ့ဘေးမှ မဖြူက ခေါင်းငုံ့ထားသည်။

သူတို့မျက်နှာများလည်း သိသိသာသာ ညှိုးနေကြ၏။

အတီးအဆိုများ ခဏရပ်သွားသည်။

ပေါ်ဦးက ကျွန်တော့်ဘက် လက်ညှိုးညွှန်ပြရင်း ခင်လေးတို့ကို မျက်လုံးဖြင့် မေးသည်။ ပေါ်ဦးက သူ့ကိုယ်သူလက်ဖြင့်ညွှန်ရင်း မေးဆတ်၏။ ခင်လေးက ခေါင်းညိတ်သည်။

ပေါ်ဦးက နားမလည်ဟန်ဖြင့် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော့်ကိုလည်း ဘာလဲဆိုသော အဓိပ္ပာယ်ရသည့်အကြည့်ဖြင့် မေးသည်။ ကျွန်တော်က မသိကြောင်း အမူအရာဖြင့်ပြ၏။

ခင်လေးက ထပ်၍ ခေါင်းညိတ်ခေါ်သည်။

ပေါ်ဦးက ခေါင်းညိတ်ပြပြီး ဝိုင်းကိုခွင့်တောင်းကာ ခင်လေးတို့ဆီ ထွက်သွားသည်။

ခင်လေးတို့က အခန်းပြင်အရင်ထွက်၍ စောင့်သည်။ အခန်းပြင်သို့ ပေါ်ဦးထွက်လိုက်သွားသည်။

အားလုံး၏မျက်လုံးများ ကျွန်တော့်ဆီ ရောက်လာ၏။

ကျွန်တော့်ခေါင်းသည် အလိုလိုငုံ့သွား၏။

ရင်ထဲသို့ လှုပ်ရှားနေသော ငါးကလေးတစ်ကောင် ရောက်လာ၏။

"မြသန္တာ ဆက်ဆိုလေ"

အာရုံများအားလုံးသည် ကိုယ့်အလုပ်ဆီ ကိုယ်ပြန်ရောက်ကုန်ကြ၏။

ဒိုးများပေါ် လက်တင်လိုက်ရသော်လည်း ကျွန်တော့်အာရုံသည် အခန်းပြင်သို့ရောက်နေ၏။

"ဘယ်အပိုဒ် ပြန်ဆိုရမလဲ"

မြသန္တာ၏အမေးကို ရွာစားက ပြန်ဖြေ၏။

"စောစောကနေရာက ဆက်ဆို"

စောစောကအပိုဒ်ကို အတီးဖြင့် ပျိုးပေးလိုက်သောအခါ မြသန္တာက အဆင်သင့်သောနေရာမှ ကောက်ဝင်၏။

"တွေ့ချင်တာတွေများလွန်းလို့ ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်.... ပြောလိုက်စမ်းပါ မောင်ရယ် .... ခင့်အတွက် ကိုယ်စားလှယ် .... ခရာတာတာ ရှင့်မျက်နှာချိုလှတယ် .... ညစဉ် မခွာပါတယ် .... မကြာမီလည်း နောင်အမြဲနှစ်လရှည် .... မြရင်မှာ မောင်ရယ် .... တစ်နာရီလည်း မောင်နဲ့ ချစ်ပါရစေ"

အကပိုဒ်ရောက်လာသဖြင့် အတီးများ သွက်လာသည်။ ဒိုးဆစ်လေးများလည်း လှလာသည်။ ဒိုးသားရေနှင့် လက်ထိချက်တိုင်းတွင် ရင်ခုန်နေသည်။

ပေါ်ဦး ပြန်ဝင်အလာကို ကြိုနေသော ရင်ခုန်သံများ ဖြစ်ဟန်တူသည်။

ခေါင်းထဲတွင်လည်း အမေးများစွာ လွန်းထိုးနေ၏။

ဘာကိစ္စများပါလိမ့်။

ဘာဖြစ်လို့ ပေါ်ဦးကို ခေါ်ရပါလိမ့်။

ငါနဲ့ မဆိုင်ဘူးထင်တယ်။ ငါနဲ့ဆိုင်ရင် ငါ့ကို ခေါ်မှာပေ့ါ။ အင်းလေ .... ငါနဲ့ဆိုင်စရာလည်းမရှိတော့ပါဘူး။ တခြားကိစ္စနေမှာပါ။ အနုပညာအသင်းနဲ့ပတ်သက်တာ တစ်ခုခုဖြစ်မှာပေ့ါ။

မောနေသောရင်ကို ဖြေသောစကားများလည်ချောင်းထဲတွင် အသံမြည်၍ လှုပ်ရှားနေသည်။

သီချင်းတစ်ပုဒ်လုံး ဆုံးသွားသည့်တိုင် ပေါ်ဦး ဝင်မလာ။

အားလုံး ခဏနားလိုက်ကြသည်။ ကျွန်တော် စောစောက သောက်ထားသော ဆေးပေ့ါလိပ်ကို ကောက်၍ မီးညှိလိုက်သည်။

"ဘာဖြစ်လဲ မသိဘူး"

ကျွန်တော်တို့အကြောင်းကို သိတန်သလောက် သိနေသော မောင်ဌေးက ကျွန်တော့်နားဝင်ထိုင်၍ မေးသည်။

"မသိဘူး ကိုဌေး၊ တခြားကိစ္စနေမှာပါ"

"အေးကွာ .... မင်းနေရာကနေ ဘယ်လိုခံစားနေရမယ်ဆိုတာ ငါ ကိုယ်ချင်းစာပါတယ်"

သူ့အသံက ကြင်နာမှု၏ အရိပ်ပါသည်။ ကျွန်တော်က သူ့စကားကိုငြင်းရန် ခေါင်းခါသည်။ ရယ်လည်း ရယ်သည်။

"ဒီလောက်မဟုတ်ပါဘူး ကိုဌေးရာ"

ပြောမယ့်သာ ပြောလိုက်ရသော်လည်း ကိုယ့်စကားကို ကိုယ်ပင်မယုံ။

*****

သုတ်သီးသုတ်ပျာနှင့် ပေါ်ဦး ပြန်ဝင်လာသည်။

ကျွန်တော့်ဆီ တန်းလာ၏။

ကျွန်တော့်ပခုံးကို လက်ဖြင့်ပုတ်လိုက်ပြီး –

"အရေးကြီးတယ် ထွန်းဝေ၊ မင်းနဲ့ငါ စကားပြောစရာရှိတယ်။ ခဏလေးစောင့်၊ ဒီပြက်လုံးတစ်ခုတိုက်ပြီးတာနဲ့ မင်းနဲ့ငါ တစ်နေရာကိုလစ်မယ်"

ကျွန်တော် အံ့အားတသင့်ဖြင့် သူ့ကိုကြည့်သည်။ ဘာမှပြန်မပြောမိ။ ပြောအောင်လည်း သူကမစောင့်။ ချက်ချင်းပြန်လှည့်၍ အောင်ကျော်စိုးတို့ဘက် သွားသည်။

ကျွန်တော့်ရင်ထဲမှ တဒိတ်ဒိတ်သည် စောစောကအတိုင်း ပြန်ဝင်လာသည်။ အိပ်မက်မက်နေသလို ခံစားနေရသည်။ ခေါင်းထဲတွင်လည်း ပဟေဠိပေါင်းများစွာနှင့်။

"အရေးကြီးတယ်ဆိုပါလား"

ပေါ်ဦး၏အသံကိုလည်း ပြန်ဆန်းစစ်နေမိသည်။ သူ့အသံမှာ အရေးကြီးသောဟန်မှလွဲ၍ အခြားရှာမတွေ့။ အားတက်သရောလည်းမရှိ။ ပျော်စရာလည်းမဟုတ်။ ဝမ်းနည်းစရာလည်းမမြင်။ ထူးခြားမှုတစ်ခုသာ တွေ့ရ၏။ **(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်း**

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## မြန်မာစာ

ပါမောက္ခ ဒေါက်တာဇော်

၅ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

### အခန်း (၂) အပြောအဆိုဆိုင်ရာ နည်းလမ်းများ

### ထိထိရောက်ရောက်စကားပြောဆိုခြင်း

အပြောအဆိုဆိုင်ရာ နည်းလမ်းများမှာ သင်ခန်းစာ (၂) ခု လေ့လာရမှာဖြစ်ပါတယ်။ **ထိထိရောက်ရောက် စကားပြောဆိုခြင်းနဲ့ စကားပြောကောင်းဖြစ်ရန် နည်းတို** တို့ ဖြစ်ပါတယ်။ ခုတစ်ပတ်မှာတော့ ထိထိရောက်ရောက် စကားပြောဆိုခြင်း သင်ခန်းစာကို ဆွေးနွေးမှာဖြစ်ပါတယ်။

ထိထိရောက်ရောက်စကားပြောဆိုခြင်းဆိုတာ မိမိပြောလိုတဲ့ ဆိုလိုရင်းကို နားထောင်သူ အလွယ်တကူနားလည်အောင် ပြောဆိုနိုင်မှုပဲ ဖြစ်ပါတယ်။

ထိထိရောက်ရောက်စကားပြောဆိုနိုင်ရန် အတွက် မရှိမဖြစ် အချက် (၃) ချက်ရှိပါတယ်။

**(၁)- စကားလုံးအသုံးအနှုန်း၊**

**(၂)- အသံအနိမ့်အမြင့်နဲ့**

**(၃)- ကိုယ်ဟန်အမူအရာတို့ ဖြစ်ပါတယ်။**

(အနှစ်ချုပ်မှတ်ချင်ရင် "**စကားလုံး- အသံ- ဟန်, ထိရောက်ပြောဆိုဟန်**"လို့ မှတ်သားနိုင်ပါတယ်။)

ထိထိရောက်ရောက်စကားပြောဆိုနိုင်ဖို့အတွက် **အဓိကအချက် (၇) ချက်** ကိုလည်း မှတ်သားထားရပါမယ်။

**(၁)- အသံနေအသံထားနှင့် အသံပီသမှု**

**(၂)- ရှင်းလင်းပီသမှု**

**(၃)- ဟန်တစ်မျိုးမျိုးထည့်ပေးခြင်း**

**(၄)- စကားပြောနှုန်း**

**(၅)- အရပ်အနား**

**(၆)- အသံအနိမ့်အမြင့်နဲ့**

**(၇)- လေသံကိုဂရုပြုပါတို့ ဖြစ်ကြပါတယ်။**

ဒီအဓိကအချက် (၇) ချက်ဟာ **မရှိမဖြစ်အချက် (၃)** ချက်ကို ထပ်ဆင့်ရှင်းလင်းထားတာဖြစ်ကြောင်း နားလည်ရပါမယ်။ ကဲ လေ့ကျင့်ခန်းလေးဖြေဆိုကြည့်ကြပါဦး။

### လေ့ကျင့်ခန်း

**၁။ (က) အောက်ပါတို့ကို မှားလျှင် (မှား)၊ မှန်လျှင် (မှန်) ဟု ဖြေဆိုပါ။**

၁။ ထိထိရောက်ရောက်စကားပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်အချက် (၃) ချက်ရှိသည်။

၂။ ထိထိရောက်ရောက်စကားပြောဆိုနိုင်ဖို့အတွက် အဓိကအချက် (၇) ချက်ရှိသည်။

၃။ စကားပြောလျှင် ဝါကျတိုများသည် နားလည်ရပိုမိုလွယ်ကူစေပါသည်။

၄။ စကားကို ထိထိရောက်ရောက် ပြောဆိုနိုင်ရန်အတွက် ကိုယ်ဟန်အမူအရာနှင့် အသံအနိမ့်အမြင့်တို့က မိမိ၏ ဆိုလိုရင်းကို အနည်းငယ်ပြုပြင်ပေးပါလိမ့်မည်။

၅။ စကားပြောဆိုသည့်နှုန်း အနှေးအမြန်သည်လည်း နားလည်မှုကို အကျိုးသက်ရောက်စေပါသည်။

**၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။**

၁။ စကားကို ထိထိရောက်ရောက်ပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက် (၃) ချက်မှာ ........ အသံအနိမ့်အမြင့်နှင့် ကိုယ်ဟန်အမူအရာတို့ဖြစ်ကြသည်။

၂။ စကားလုံးရိုးရိုးဖြင့်ပြောဆိုခြင်းသည် ........ သော စကားလုံးများထက် ပိုမိုနားလည်စေနိုင်ပါလိမ့်မည်။

၃။ စကားကို........သည်နားထောင်သူကိုရှုပ်ထွေးစေနိုင်သကဲ့သို့ စကားကို နှေးကွေးစွာပြောဆိုခြင်းသည်လည်း နားထောင်သူကို ငြီးငွေ့စေနိုင်ပါသည်။

၄။ နားထောင်သူနားလည်နိုင်စွမ်းရှိသည့် ........ သည်သာ သင်၏ ပရိသတ်ကို သင် ဆွဲဆောင်ထိန်းသိမ်းထားနိုင်ပါလိမ့်မည်။

၅။ စကားပြောဆိုတော့မည်ဆိုလျှင် ပထမဆုံး ပြုရမည့်အလုပ်မှာ ........ ကို သတ်မှတ်ချိန်ကိုက်ထားရန်ဖြစ်သည်။

၆။ ထိထိရောက်ရောက်စကားပြောဆိုနည်း၏တစ်စိတ်တစ်ပိုင်းမှာ ........ ကို ကန့်သတ်ထိန်းသိမ်း ပြောဆိုရန်ဖြစ်သည်။

**၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။**

စကားကို ထိထိရောက်ရောက်ပြောဆိုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အချက် ........ ချက်ရှိသည်။

(က) ၃ (ခ) ၅ (ဂ) ၇

၂။ စကားကို ထိထိရောက်ရောက် ပြောဆိုနိုင်ရန်အတွက် အဓိက အချက် ........ ချက်ရှိသည်။

(က) ၃ (ခ) ၅ (ဂ) ၇

၃။ အဆိုတော်များသည် အသံကျယ်လိုလျှင် လည်မျိုကို အသုံး မပြုဘဲ ........ ကိုသာ အသုံးပြုလေ့ရှိပါသည်။

(က) ရင်ဝမ်းခြားကြွက်သားအင်အား

(ခ) အသံကြိုး (ဂ) ပါးစပ်

၄။ ........ သည် စကားသံထုတ်လုပ်ရန်နှင့် အသံကျယ်စေရန် အထောက်အကူ ပြုပါသည်။

(က) ရင်ဝမ်းခြားကြွက်သားအင်အား

(ခ) အသံကြိုး (ဂ) ပါးစပ်

၅။ ထိထိရောက်ရောက် စကားပြောဆိုနိုင်ရန် အသံနေ အသံထားနှင့် ........ သည်လည်း အရေးကြီးပါသည်။

(က) အသံပီသမှု (ခ) ကျယ်လောင်မှု (ဂ) ညင်သာမှု

၆။ အသံကြည်လင်ပီသမှု ရှိစေရန် မေးရိုးများကို ........ အနေအထားတွင် ထားရသည်။

(က) ပုံသေ (ခ) ပွင့်နေသော (ဂ) တင်းတင်းကျပ်ကျပ်

### လေ့ကျင့်ခန်းအဖြေ

၁။ (က) ၁။ မှန် ၂။ မှန် ၃။ မှန် ၄။ မှန် ၅။ မှန်

၁။ (ခ) ၁။ စကားလုံးအသုံးအနှုန်း ၂။ တင်စား
၃။ အမြန်ပြောဆိုခြင်း ၄။ အလယ်အလတ်နှုန်း
၅။ စကားပြောသည့်နှုန်း ၆။ လေသံ

၁။ (ဂ) ၁။ (က) ၃ ၂။ (ဂ) ၇
၃။ (က) ရင်ဝမ်းခြားကြွက်သားအင်အား
၄။ (ဂ) ပါးစပ် ၅။ (က) အသံပီသမှု
၆။ (ခ) ပွင့်နေသော

## ဓာတုဗေဒ

ပါမောက္ခ Dr.Dennis (ရန်ကုန်တက္ကသိုလ်)

၂၂ - ၇ - ၂၀၂၄ ရက်နေ့မှအဆက်-

**To predict the shape of a molecule, the steps to be followed are shown below.**

**Step (1)** Draw the Lewis structure of the molecule.

**Step (2)** Count the number of electron pairs around the central atom.

**Step (3)** Determine the geometry of electron pairs as linear or triangular planar or tetrahedral.

**Step (4)** Predict the shape of molecule.

ဗက်စ်ပါသီအိုရီအသုံးချပြီး၊ မော်လီကျူးတစ်ခုရဲ့ ပုံသဏ္ဌာန်ကို ခန့်မှန်းဖော်ထုတ်မယ်ဆိုရင် အဆင့် (၄) ဆင့်နဲ့ လေ့လာခန့်မှန်းနိုင်ပါတယ်။

(၁) ပထမဦးဆုံး မော်လီကျူးရဲ့ လူးဝစ်တည်ဆောက်ပုံကို ဆွဲပါ။

(၂) ဗဟိုအက်တမ်ကိုဝန်းရံနေတဲ့ အီလက်ထရွန်စုံများကို ရေတွက်ပါ။

(၃) အထက်ပါ အဆင့်(၂) အီလက်ထရွန်စုံများအရ ဂျီဩမေထရီပုံကို ခန့်မှန်းပါ။

(၄) ဗဟိုအက်တမ်ကိုဝန်းရံနေသော အီလက်ထရွန်များ အချင်းချင်း တွန်းကန်အားများကြောင့် ပြောင်းလဲသွားသောမော်လီကျူးပုံကို ခန့်မှန်းပါ။

အောက်ပါ ဥပမာအချို့ကို တုယူရေးဆွဲခန့်မှန်းလုပ်ဆောင်ခြင်းကို လေ့ကျင့်ပါ။


အောက်ဖော်ပြပါ ဇယား (၁.၁) ကို လေ့လာခြင်းဖြင့် အီလက်ထရွန်စုံများ၏ ဂျီဩမေထရီပုံနဲ့ မော်လီကျူးပုံများကို နှိုင်းယှဉ်ကွဲပြားချက်များကို ပိုမိုသိမြင်လာအောင် လေ့လာပါ။ မှတ်သားပါ။

**Example 4:** Predict the shape of a molecule of $BF_3$ in terms of –

(i) Lewis structure and (ii) VSEPR model. What will be the bond angle of F–B–F?

**Solution:**

(i) Lewis structure of $BF_3$ is





(ii) It consists of 3 electron pairs around the central atom B.

The geometry of electron pairs is triangular planar.

So, it has

a triangular planar shape.

The bond angle of F–B–F is 120°





**Example 5:** Predict the shape of a molecule of $NH_3$ in terms of –

(i) Lewis structure and (ii) VSEPR model. What will be the bond angle of H–N–H?

**Solution:**

(i) Lewis structure of $NH_3$ is




(ii) Four electron pairs are around the central atom N. Thus, the geometry of the electron pairs is tetrahedral. There is a lone pair on the nitrogen atom. Because of the electron pair repulsion between this lone pair and the bonding pair, the shape of the molecule is **trigonal pyramidal**. The bond angle of **H–N–H will be less than 109.5°**.











**Table 1.1** Geometry of Electron Pairs and Molecular Shapes of Different Types of Molecules

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | Linear |  180° Linear | $BeC1_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  120° triangular planar | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  <120° bent/V-shaped | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  109° tetrahedral | $CH_4$, $CC1_4$ |
| $AX_3E$ | 3, 1 | tetrahedral |  109.5° trigonal pyramidal | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  < 109.5° bent/ V-shaped | $H_2O$ |

**Note:** Symbol E represents the number of lone pairs.

## အင်္ဂလိပ်စာ ဆရာ ဦးဆန်းဝေ

၁၂ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

**III. Read the passage.**

Refined foods are highly processed foods–foods that have been stripped of (ဖယ်ရှားပစ်) their original nutrient content and fibre. Examples of these foods include white flour, white rice, table sugar and high fructose corn syrup. (သကြားဓာတ်မြင့်မားစွာ ပါသောအရည်) They are not good for our health because essential nutrients are lost in food processing.

Also, high–cholesterol foods such as fried foods, full–fat dairy products and red meat are linked to a **higher** risk of heart disease. (နှလုံးရောဂါ ဖြစ်ပွားမှုအများဆုံး) These foods are bad for us because they contain saturated fat. (ပြည့်ဝအဆီ) Therefore, we must be **careful** to avoid consuming foods high in sodium, fat, sugar and cholesterol.

Nutritionis closely related to the environment. If national institutions and **local** communities fail to protect (ကာကွယ်ရန် ပျက်ကွက်/ မကာကွယ်နိုင်) the environments around them, their hope of thriving in the long run will be dashed.(ပျောက်သွား) Also, the human world will suffer from food insecurity. (စားနပ်ရိက္ခာဖူလုံခြင်း) Forests bring many benefits to the human world. Being a haven (ခိုနားရာနေရာ၊ ကွန်းခိုရာနေရာ) of biodiversity, forests are an **excellent** source offoods such as mushrooms, bamboo shoots, nuts, berries, leaves, and tubers.(ဥမြစ်များ) Deforestation will lead to loss of biodiversity and loss of nutrition for many local communities.

The root cause of environmental damage is pollution. Air, water and soil pollutants are causing **adverse** effects (ဆိုးကျိုးဖြစ်ပေါ်စေသော အကျိုးသက်ရောက်မှုများ) on plants, animals and humans as well. Moreover, environmental damage and loss of biodiversity adversely affect (ဆိုးဆိုးရွားရွားထိခိုက်) diet, nutritional value and health. Thanks to recent research on nutrition (မကြာသေးခင်က ပြုလုပ်ခဲ့တဲ့) အာဟာရဆိုင်ရာသုတေသနကြောင့်) we come to know that environmental deterioration can cause nutrition–related health problems such as malnutrition (အာဟာရချို့တဲ့ခြင်း) and infectious diseases.(ကူးစက်တတ်သောရောဂါများ ဖြစ်ပွားခြင်း)

In conclusion, diet and nutrition are the very basic life–sustaining forces of all living things (အသက်ရှင်မှုကို အထောက်အကူပေးသောအခြေခံအကျဆုံးသော အင်အားစုများ) and keystone of good health. (ကျန်းမာရေးကောင်းမွန်၏ အဓိက အချက်/သော့ချက်) In addition, they must be taken into consideration in the environmental context. Anutrition diet, which is necessary for the survival and healthy development of human beings, also depends on the environmental policies of the governments.

**စာပိုဒ်ရဲ့ အနှစ်ချုပ်**

သန့်စင်ထားပြီးသား အစားအစာတွေဟာ အာဟာရဓါတ်တွေ မရှိတော့ဘူး။ ကိုလက်စထရောများတဲ့ အစားအစာတွေကတော့ နှလုံးရောဂါ တိုးစေတယ်။ ဆိုဒီယမ်၊ အဆီ၊ သကြား၊ ကိုလက်စထရောများတာတွေကို ရှောင်ရမယ်။ ပတ်ဝန်းကျင်ကို ကာကွယ်ဖို့ဟာ အာဟာရပြည့်ဝဖို့နဲ့ ဖူလုံဖို့အတွက် အရေးပါတယ်။ ညစ်ညမ်းမှု၊ ဇီဝမျိုးကွဲဖြစ်စဉ် ဆုံးရှုံးမှုတွေဟာ ကျန်းမာရေးနဲ့ အာဟာရပြည့်ဝမှုကို အန္တရာယ်ဖြစ်စေတယ်။ အစားအစာနဲ့ အာဟာရဓာတ်ပြည့်ဝမှုဟာ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တယ်။ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများအပေါ်လည်း မူတည်စေတာပေါ့ကွယ်။

**ကျောင်းသား၊ ကျောင်းသူများ စွဲမြဲစွာမှတ်သားရန် တွဲသုံးလေ့ရှိသော အသုံးအနှုန်းများ**

| | |
|---|---|
| strip of | ချွတ်/ခွာ/ဖယ်ရှား |
| linked to | ဆက်စပ်နေ |
| careful to (verb) ....... | ရန် ဂရုထား |
| related to | ဆက်စပ်နေ |
| fail to (verb) ....... | ရန် ပျက်ကွက် |
| hope of (v–ing) ....... | ဖို့မျှော်လင့်ချက် |
| suffer from (noun) | ထိခိုက်/ခံစား |
| lead to (noun) ....... | ကို ဦးတည်သွားစေ |
| effect on ....... | ကို ထိခိုက်စေ |
| Thanks to (noun) ....... | ကြောင့်(ကျေးဇူးတင်တာမဟုတ်ပါ။ သတိပြု မှတ်ထားပါ) |
| In conclusion | နိဂုံးချုပ်အားဖြင့် |
| take into consideration | ထည့်သွင်းစဉ်းစား |
| depend on ....... | အပေါ်မူတည် |

**Exercise**

**A. Complete each sentence with the appropriate word or words in the sentence.**

1. Foods that have undergone extensive processing and have lost much of their fiber and nutritional value are referred to as ..........
2. White flour, white rice, table sugar, and high fructose corn syrup are .......... of these items.
3. They are bad for our health since food processing removes ..........
4. Red meat, full–fat dairy products, and other high–cholesterol diets like fried dishes are associated with an increased ..........
5. Because these foods contain saturated fat, they are unhealthy ..........
6. Environmental factors and .......... are interconnected. (ဆက်သွယ်/ဆက်စပ်)
7. It will be impossible for local communities and national institutions to survive over the long term if they don't .......... the surroundings in which they live.
8. The human race (လူသားမျိုးနွယ်) will also experience ..........
9. The world of humans .......... greatly from forests.
10. Forests are a safe .......... for biodiversity.
11. .......... are a great place to get food like mushrooms, bamboo shoots, nuts, berries, leaves, and tubers.
12. Loss of biodiversity and decreased nutrition for many local groups will result (ရရှိ/အကျိုးဆက်ဖြစ်ပေါ်လာ) from ..........

**Answer Keys**

**III. (A)** 1. processed food 2. examples 3. original nutrient content 4. heart disease 5. for us 6. nutrition 7. protect 8. food insecurity 9. benefit 10. haven 11. Forests 12. deforestation

## သင်္ချာ ပါမောက္ခ ဒေါက်တာမိမိ(မန္တလေးတက္ကသိုလ်)

၁၂ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

**Example 4.**

Prove that $(ab)^n = a^n b^n$ for every natural number $n$. သင်္ဘာဝကိန်း $n$ တိုင်းအတွက် statement $(ab)^n = a^n b^n$ မှန်ကြောင်း သက်သေပြပါ။

**Solution**

Let $P(n)$ denote the statement $(ab)^n = a^n b^n$.

(1) For $n=1$, $L.H.S = (ab)^1 = ab$

$$R.H.S = a^1 \cdot b^1 = ab$$
$$L.H.S = R.H.S$$

The statement is true for $n=1$.

(2) Assume that the statement is true for $n=k$, that is $(ab)^k = a^k b^k$.

We will show that the statement is true for $n=k+1$, that is we have to show that $(ab)^{k+1} = a^{k+1} b^{k+1}$.

It is proved that

$$(ab)^{k+1} = (ab)^k (ab) = (a^k b^k)(ab) = (a^k a)(b^k b) = a^{k+1} b^{k+1}.$$

Therefore, the statement is true for $n=k+1$.

(3) By principle of mathematical induction, the statement $P(n)$ is true for every natural number $n$.

**Example 5.**

Prove that $1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + n\cdot 3^n = \dfrac{(2n-1)3^{n+1}+3}{4}$ for all natural numbers $n$ by the use of the mathematical induction principle. သင်္ဘာဝကိန်း $n$ တိုင်းအတွက် statement $1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + n\cdot 3^n = \dfrac{(2n-1)3^{n+1}+3}{4}$ မှန်ကြောင်းသက်သေပြပါ။

**Solution**

Let $P(n)$ denote the statement

$$1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + n\cdot 3^n = \frac{(2n-1)3^{n+1}+3}{4}.$$

(1) For $n=1$, $L.H.S = 1\cdot 3 = 3$

$$R.H.S = \frac{(2-1)3^2+3}{4} = \frac{12}{4} = 3$$
$$L.H.S = R.H.S$$

The statement is true for $n=1$.

(2) Assume that the statement is true for $n=k$, that is

$$1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + k\cdot 3^k = \frac{(2k-1)3^{k+1}+3}{4}.$$

We will show that the statement is true for $n=k+1$, that is we have to show that $1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + k\cdot 3^k + (k+1)\cdot 3^{k+1} = \dfrac{(2(k+1)-1)3^{k+2}+3}{4}$.

It is proved that

$$\begin{aligned}
&1\cdot 3 + 2\cdot 3^2 + 3\cdot 3^3 + \cdots + k\cdot 3^k + (k+1)\cdot 3^{k+1} \\
&= \frac{(2k-1)3^{k+1}+3}{4} + (k+1)\cdot 3^{k+1} \\
&= \frac{(2k-1)3^{k+1}+3+4(k+1)\cdot 3^{k+1}}{4} \\
&= \frac{(2k-1+4k+4)3^{k+1}+3}{4} \\
&= \frac{(6k+3)3^{k+1}+3}{4} \\
&= \frac{(2k+1)3^{k+2}+3}{4} \\
&= \frac{(2(k+1)-1)3^{k+2}+3}{4}
\end{aligned}$$

Therefore, the statement is true for $n=k+1$.

(3) By principle of mathematical induction, the statement $P(n)$ is true for all natural numberr $n$.

Grade–12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း–09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

❖ ကျောဖုံးမှ

(အမျိုးသား)အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

### ဗိုလ်လုပွဲ ပွဲစဉ်များ

ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသမီး)တတိယလုပွဲ ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ (အမျိုးသား)တတိယလုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး)ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုဆက်လက်ကျင်းပသွားမည်ဖြစ်၍ ဖူဆယ်အားကစားကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသမီး)ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

## ဟသ်ာတအသင်း ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ဟသ်ာတအသင်း၏ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို (၂၅-၈-၂၀၂၄)ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၈:၀၀)နာရီအချိန်တွင် ရန်ကုန်မြို့၊ ၄၅-လမ်း၊ ဟသ်ာတအသင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

အသင်းသူ/သားများနှင့် ဟသ်ာတနွယ်ဖွားများ ကြွရောက်ကြပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် အသင်းတိုက်ဖုန်း ၀၁-၈၃၉၈၇၁၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟသ်ာတအသင်း**

## ဥတု ရာသီ တောကို မှီ၏

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ အထက-လုံးတော + သမန်းတော၊ Grade-10(A)မှ မခင်ထူးလှိုင်၏ ဖခင် အမည်မှန်မှာ ဦးခင်မောင်အေးဖြစ်ပါသည်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရေဝတီလမ်းအမှတ်(၁၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃အိုင်)၊ မြေကွက်အမှတ်(၆၈)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၆)လွှာ ၊ ခြေရင်းအခန်း၊ အကျယ် (၁၂ပေခွဲ x ၅၀ပေ)အကျယ်ရှိ တိုက်ခန်း(၁)ခန်းကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ- ဒေါ်ခိုင်ခိုင်ဦး (ဘ) ဦးတင်ရွှေ [၈/မဘန(နိုင်)၀၁၈၅၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဉ္ဇူအေးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၅၇) (၁၄-၃-၂၀၁၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၅၀၄၁၄၈၃**

❒ MNL မှ

ရေဝတီအသင်းသည် ရာဇာအောင်၊ ရဲရင့်ဖြိုး၊ ရန်ပိုင်စိုးတို့ဖြင့် လူစုံခဲ့သလို ဒဂုံစတားအသင်းကလည်း ဇော်ရဲထွန်း၊ ဆွမ်လမန်၊ ငြိမ်းချမ်း၊ စွမ်းထက်၊ ငြိမ်းချမ်းအောင်တို့ဖြင့် လူစုံနီးပါး ပါဝင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဦးစားပေးကစားခဲ့ပြီး ၄၃ မိနစ်တွင် ဒဂုံစတားနောက်ခံလူ ငြိမ်းချမ်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ဒဂုံစတားအသင်းသည် တစ်ယောက်လျော့သွားသော်လည်း ကစားပုံပျက်မသွားဘဲ ၇၄ မိနစ်တွင် အနိုင်ဂိုးရရှိခဲ့သည်။ ယင်းဂိုးကို လူစားဝင်ကစားသမား ဇင်မင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားအသင်းမှ အောင်သီဟက ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ ရေဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများကို ၁၆၊ ၄၂ မိနစ်တွင် တည်ငြိမ်မင်းနှင့် မိနစ် ၉၀ တွင် ပြည်မိုးတို့က သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကိုရတနာပုံအသင်းမှ တည်ငြိမ်မင်းက ရရှိသည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ မြဝတီအသင်းက ခုနစ်ပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ်(၇) နောက်ဆုံးနေ့ကို ဩဂုတ် ၁၉ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**



## တောင်တွင်းကြီးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘော်ဒါပေါင်းစုံချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဘော်ဒါပေါင်းစုံချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့ဦးရပ်ကွက် ရွှေပြည့်ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါ်ခင်မိုးအေးက ကျောင်းသားလူငယ်လူရွယ်များ အချင်းချင်းရင်းနှီးမှုရရှိစေရန်၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ချစ်ကြည်ရေးဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ အားကစားသမားအချင်းချင်း ရိုင်းပင်းကူညီပြီး အားကစားသမားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်သွားကြရန် အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခြေခံပညာဦးစီးဌာနမှ ကာယဒုတိယဦးစီးမှူး ဦးဇင်မင်းထက်နှင့် ဒိုင်အဖွဲ့ဝင်တစ်ဦးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ချစ်ကြည်ရေး ဖူဆယ်ဘောလုံးပြိုင်ပွဲ၌ အုပ်စု(A)တွင် ပညာမြေ၊ ဝိုင်းပြည့်အောင်၊ ပါရမီ (ဆတ်သွာ)၊ D.T.S (ဒေါ်သဲစုဘော်ဒါ)၊ D.L.M (ဒေါ်လွင်လွင်မာ)၊ အုပ်စု(B)တွင် ပညာ့တံခွန်၊ ကောင်းရနံ့သင်း၊ A.C.A(အေးချမ်းအောင်)၊ ပညာ့မြင့်မိုရ်၊ အုပ်စု(C)တွင် အောင်မြင့်မိုရ်၊ လမင်း၊ စားပန်းခင်း၊ မိုးအိမ်စံ ဘော်ဒါတို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဆိုပါ ချစ်ကြည်ရေးဖူဆယ်ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ လူနေရပ်ကွက်အမှတ်- (၁၃)၊ အရှေ့မင်းလမ်း၊ မြေကွက်အမှတ်(၂၀၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၅ x ၁၁၀)ပေရှိဦးလွင်မောင် [၁၂/သကတ(နိုင်)၀၃၇၅၉၈] အမည်ပေါက် နှစ်(၆၀) အမျိုးအစား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးလွင်မောင် [၁၂/သကတ(နိုင်)၀၃၇၅၉၈]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအိဖြိုး (ခ) အိန္ဒြေသီဟ [၁၂/တတထ(နိုင်) ၀၀၂၈၃၆] မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဖြူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၂၀)**
**အမှတ်- (၈)၊ ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၆၂၄၇၉၉၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/တောင်)၊ လူနေရပ်ကွက်အမှတ်- (၁၃)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၃၀)ဟု ခေါ်တွင်သော အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးတင်မျိုးအောင် [၉/မရတ(နိုင်)၀၀၆၀၄၅] အမည်ပေါက် နှစ်(၆၀)အမျိုးအစားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ယခုရောင်းချသူ ဦးတင်မျိုးအောင် [၉/မရတ(နိုင်)၀၀၆၀၄၅] မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအိဖြိုး (ခ)အိန္ဒြေသီဟ [၁၂/တတထ(နိုင်)၀၀၂၈၃၆] မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဖြူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၀၂၀)**
**အမှတ်-(၈)၊ ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတလမ်းဆုံ၊**
**(၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၆၂၄၇၉၉၆၅**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်၌ ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၃၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) ဇီဝဗေဒ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ခ) တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ သြဂုတ်လ ၃၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ဂ) စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) အင်္ဂလိပ်စာ | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) သင်္ချာ | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) နေပြည်တော် | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) မြစ်ကြီးနားမြို့ | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) တောင်ကြီးမြို့ | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (ဃ) ခိုလမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (င) ကျိုင်းတုံမြို့ | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (စ) မော်လမြိုင်မြို့ | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဆ) မြိတ်မြို့ | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဇ) ရန်ကုန်မြို့ | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ဈ) ပုသိမ်မြို့ | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ည) မုံရွာမြို့ | အထက(၂)၊ အလုံတပ်မြို့။ |
| (ဋ) မန္တလေးမြို့ | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဌ) တောင်ငူမြို့ | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ကို တစ်ပါတည်းယူဆောင်လာရမည်။ နိုင်ငံသားစိစစ်ရေးကတ် တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ကြည့်မြင်တိုင်မြို့နယ်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းအဆင့်(၅)၊ ပန်းလှိုင်အိမ်ရာ၊ တိုက်အမှတ်-(၁၀)၊ အခန်း-(၆၃)ဟုခေါ်တွင်သော ဦးအေးစိုး[၁၂/စခန(နိုင်)၀၁၃၈၄၄]အမည်ဖြင့် ၀ယ်ယူထားသည့်တိုက်ခန်းအပါအ၀င် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားရောင်းချသူ ဦးနေမင်းသူ[၁၂/စခန(နိုင်)၀၅၇၈၂၆]မှ မိမိသာလက်ဝယ်ပိုင်ဆိုင်အရှုပ်အရှင်းကင်း၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကြည်သာဝင်းတင်[၁၂/မရက(နိုင်)၁၃၃၆၉၈]မှစရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သာဝင်းတင်[၁၂/မရက(နိုင်)၁၃၃၆၉၈]၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်ချယ်ရီဝင်း** |
| **(LB,D.B.L,D.I.L,D.M.L)** | **LL.B,W.I.P.O(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)** |

**အမှတ်-(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဂျေ၊ မြေကွက်အမှတ်(၁၁၂/၄-၁၇အေ)၊ ဧရိယာ(၀.၁၇၂)၊ မြေကွက်တည်နေရာအမှတ်-(၉၀)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးခင်သိန်း(-)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးခင်သိန်းသည် (၃-၅-၂၀၂၄) ရက်နေ့နှင့် (မိခင်) ဒေါ်ခင်ထားဝင်းသည် (၂၆-၈-၂၀၂၂) ရက်နေ့တွင် အသီးသီးကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သီသီထွန်း [၁၂/ဗဟန(နိုင်)၀၅၄၁၃၄]မှ ၎င်းတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိကြောင်းနှင့် ကိတ္တိမသားသမီးလည်း မွေးစားထားခဲ့ခြင်းမရှိကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ၎င်းတစ်ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း လသာမြို့နယ်တရားရုံးမှတ်ပုံတင်အမှတ် - ၇/၃၆၆/၂၀၂၄ (၅-၇-၂၀၂၄) ရက်နေ့ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးခင်သိန်းနှင့် ဒေါ်ခင်ထားဝင်း တို့၏သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေကွက်အမှတ်-၁၁၂/၄-၁၇ဘီ ဧရိယာ (၀.၁၀၁)ကေ မြေကွက်ငယ်အား ခွဲထုတ်ပေးလိုက်ကြောင်း ကန့်လန့်ရေးသားထားသည့် နုတ်ကျန်ဂရန်/၂၀၀၂-၂၀၀၃ ခုနှစ် သုံးခွဲစိတ်တိုင်းတာသည့်မြေပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၆၈၄)၊ ကွင်းအမည် - သန်လျင်မြောက်ကွင်း၊ ဦးပိုင်အမှတ်(၉/င၂)၊ ဦးကာလီပါးကြီးအမည်ရှိသော တံတားဖြူ(၆)လမ်း၊ အမှတ်(၁၄)ဟုခေါ်တွင်သော မြေအကျယ် (၂၀x၆၀)ပေ အကျယ်ရှိမြေကွက်နှင့် မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၁)ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလပိုင်ရှင် ဦးကာလီပါးကြီးထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသူ ဒေါ်သီတာ [၁၂/ဒလန(ပြု)၀၀၁၈၇၃] ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါပြီး (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅) (၃-၄-၂၀၁၂)**
**အမှတ်(၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၁၄၂၂၊ ၀၉-၉၆၅၀၂၁၄၂၂**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၁၈-လမ်း အိမ်အမှတ်(၉၂)နေ ဦးအောင်ဖုန်းပွင့် [၁၄/ညတန(နိုင်)၀၉၀၃၂၆] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဖုန်းပွင့် ယခုနေထိုင်လျက်ရှိသည့် ကျွန်ုပ်မိတ်ဆွေ လွှဲပြောင်းလက်ခံရရှိသော ဘိုးဘွားပိုင်မြေပေါ်တွင် ဘေးအဖီအဆောက်အဦဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းများ ပြုလုပ်ရန် ညောင်တုန်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီသို့ အဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားလိုပါသဖြင့် မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံဖြစ်စေ၊ သက်ဆိုင်ရာဌာနသို့ဖြစ်စေ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုမိုင်ဖုဏ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၁၁၇)**
**အမှတ်(၃၂၈)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ညောင်တုန်းမြို့၊**
**ဧရာဝတီတိုင်းဒေသကြီး။ ဖုန်း-၀၉-၈၇၄၃၃၂၇၂၁၊ ၀၉-၄၄၄၇၆၃၃၃၅**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်သန်းနွဲ့ (ခ) ဒေါ်သန်းနွယ်

**အ.ထ.ပြ(ငြိမ်း) အထက(၁)ကြည့်မြင်တိုင် (ယခင် A.B.M ကျောင်း)**

## အသက် (၉၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်-၂၁၄၊ အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးထိုက်-ဒေါ်စော)တို့၏သမီးကြီး၊ (ဒေါ်ခင်ငြိမ်း-ဦးမြသင်း)၊ ဦးအုန်းလွင်-(Erika)၊ (ဦးကျော်လွင်)-Pamela၊ ဦးကျော်မြင့်-(Beverly)၊ ဒေါ်မြင့်မြင့်ရီ-ဦးထွန်းအေး၊ ဦးခင်မောင်ချို၊ ဒေါက်တာလှဲ့လှဲ့ရီ၊ ဦးမြတ်ဇင်-Naw Bernadine တို့၏ ချစ်လှစွာသော အစ်မကြီး၊ (ဦးသန်းညွန့်)၏ဇနီး၊ ဒေါ်ပွင့်မာ-ဦးအောင်ခင်ထွန်း၊ (ဦးကျော်ထိုက်)၊ ဒေါ်ဥမ္မာ၊ ဒေါ်သန္တာ၊ ဒေါက်တာသန်းထိုက်-ဒေါ်မြသီတာတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်၊ ဒေါက်တာရဲထက်အောင်၊ မမြတင့်တယ်ထိုက်၊ မမြသစ္စာထိုက် တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၅-၈-၂၀၂၄ (ကြာသပတေးနေ့) ည ၁၀:၄၅ နာရီတွင် အကယ်ဒမီဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၁-၈-၂၀၂၄ (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည့်အကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရလပ(မ)၂၃ ရပ်ကွက်၊ ကစင်ကျေးရွာ၊ စိန်ပန်းလမ်း၊ အမှတ်(၆၁၄ ) ခြေရင်းခြမ်း) ဟုခေါ်တွင်သည့် ဦးသောင်းထွန်း ပါမစ် အမည်ပေါက် မြေကွက်အကျယ်အဝန်း (၄၀ x ၆၀)ပေအနက် (၂၀ x ၆၀)ပေအား တရားဝင်လက်ရှိပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမြင့်နိုင် (ခ) ဦးမြသန်း [၉/ကပတ(နိုင်)၀၆၅၉၃၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလင်းလင်း[၈/နမန(နိုင်)၁၈၅၆၉၄]** | **ဒေါ်မြင့်မြင့်အောင် (LL.B)** |
| **ဒေါ်ရီရီသင်း[၈/နမန(နိုင်)၁၈၅၇၃၆]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၅၅၅၄)(၂၇-၆-၂၀၁၉)** |
| | **အမှတ်-၂၂ /က၊ အောင်ချမ်းသာလမ်း၊** |
| | **(၃)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)** |
| | **မြို့နယ်။** |
| | **ဖုန်း-၀၉-၄၃၀၅၇၈၀၇၊ ၀၉-၇၇၆၆၀၃၈၈၅** |

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၁) လမ်း (အလယ်)၊ အမှတ်- ၃၀၇ ပေါ်ရှိ (၂) ခန်းတွဲ (၆)ထပ်တိုက် (ဆောက်လုပ်ဆဲ) အဆောက်အဦ၏ ခေါင်းရင်းခြမ်း၊ (၆)လွှာ (သို့မဟုတ်) ပဥ္စမထပ်၊ တိုက်မျက်နှာမူ (ဘယ်) ဘက်ခြမ်း တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ (အလျား ၁၇ ပေx အနံ ၅၄ ပေ) အကျယ်ရှိ (၆) လွှာတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်သူ ဦးတင်ရှိန် [၁၂/သကတ (နိုင်) ၀၀၀၆၂၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ခိုင် [၁၂/သကတ (နိုင်)၀၂၂၄၂၇] မှ နှစ်ဦးသဘောတူတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းအား ဒေါ်တင်တင်ခိုင်၏ သဘောတူခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၇၀၁၈)**
**အမှတ် - ၂၁၄၊ Min Ye Kyaw Swar Residence,**
**အခန်း-၂၀၂၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆

| | | |
|---|---|---|
| ဒေါ်စိုးစိုးမော် | နှင့် | ဦးကံညွှန့် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ( ၅ )ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်- (၀၄၉/က)နေ ဦးကံညွှန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စိုးစိုးမော်က"ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွှမ်းပို့ပို့စိုး)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးကြည်(ရန်ကုန်၊ မြိတ်၊ ပလောက်)
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ တိုက်(၅)၊ အခန်း(၄)၊ ပန်းလှိုင်အိမ်ရာနေ (ဦးရွှေချောင်း-ဒေါ်စိန်သက်)တို့၏သမီး၊ (ဦးကြီး-ဒေါ်ငွေချို)တို့၏သမီးချွေးမ၊ (ဦးရှင်ငယ်) ၏ဇနီး၊ (ဦးကျော်မြင့်)-ဒေါ်ခင်စန်းကြူ၊ ကိုအင်ဘီး၊(ကိုအင်တိတ်-မတီတီဝင်း)၊ ကိုအင်တိတ်ဝင်း-မယုလှိုင်ဝင်း(ခေတ္တ-USA)၊ ကိုအင်စိန်-မယဉ်ယဉ်မျိုး၊ မတင်တင်ဌေး တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၇-၈-၂၀၂၄ရက်(စနေနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၄ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်မြူရီယယ်ထွန်းကျော်

**အငြိမ်းစားကျောင်းအုပ်ဆရာမကြီး**
**အ.ထ.က (၂)လသာ၊ ရန်ကင်းဆရာအတတ်သင်သိပ္ပံ**

## အသက်(၉၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်းနေ (ဒေါက်တာ စောထွန်းကျော်-နော်ပန်းနေ)တို့၏ သမီးကြီး၊ (ပါမောက္ခဦးဝင်းကြိုင် RIT)၏ဇနီး၊ ဦးကေစီဖိုး-Dr. ဒေါ်လေလျှံဖိုး၊ (ဒေါ်ရှယ်လီထွန်းကျော်)၊ (ဦးဂျော့ထွန်းကျော်-နန့်စိန်တိုး)၊ (ဦးအက်ဒဝပ်ထွန်းကျော်-နော်ဖလော်ရီဒါ)တို့၏ အစ်မကြီး၊ (ဦးဇေယျာဝင်းကြိုင်)၊ ဒေါက်တာအောင်ထွန်း-ဒေါ်သက်သက်ဝင်းကြိုင် တို့၏ ချစ်လှစွာသောမိခင်၊ Samantha မာလာထွန်း၊ Saundra စုလာဘ်ထွန်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်မြူရီယယ်ထွန်းကျော်သည် ၁၇-၈-၂၀၂၄ ရက်နေ့ ည ၁၁:၅၈ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၈-၂၀၂၄ ရက်နေ့ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးခရစ်တော်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဈာပနဝတ်ကို ပြုလုပ်ပါမည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ်(၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၄)လမ်း၊ မြေကွက်အမှတ်(၁၆၃)၊ တိုက်အမှတ်(၁၀၉)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (ပထမထပ်/ခေါင်းရင်းခန်း) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှမျိုးနွယ် [၁၂/မရက(နိုင်)၁၄၀၈၈၉] ထံမှ ဦးမျိုးလှိုင် [၁၄/မအန(နိုင်)၁၁၄၁၁၄] နှင့် ဒေါ်မြမြဝင်း [၇/သဝတ(နိုင်)၁၆၈၄၅၈] တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမျိုးလှိုင်နှင့် ဒေါ်မြမြဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ (၅)ခန်းတွဲ(၄)လမ်း၊ မြေကွက်အမှတ်(၇၉/က)၊ မြေအကျယ်အဝန်း (၁၅x၄၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၄/၇၉-က)ဟုခေါ်တွင်သည့် (၂)ထပ်တိုက် လူနေအဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ချောစုနောင်[၁၂/ ဥကမ (နိုင်)၁၈၄၆၆၈] မှ အမွေစားအမွေခံပိုင်ဆိုင်မှု အရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးအိအိထွဋ် [၇/နတလ(နိုင်)၁၄၁၅၈၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး (LL.B, LL.M, D.I.L)** | **ဒေါ်ခိုင်ခိုင်ဇော်(LL.B,D.I.P.L)** |
| **(စဉ် - ၁၈၅၀၃)** | **(စဉ် - ၁၈၂၃၇)** | **(စဉ် - ၅၀၈၉၀)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**အမှတ်(၅)၊ ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက် ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၀၀၀၆၁၉၉၊ ၀၉-၇၉၉၀၈၂၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ မြေကွက်အမှတ် (၉၃)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးအောင်ရွှေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှဲ့လှဲ့ဝင်း [၁၂/ကမတ(နိုင်)၀၁၂၁၈၄]ထံမှ မြေကွက်အမှတ်(၉၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ အကျယ်အဝန်း (၂၅ x ၆၀) ပေမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် (၂၀)၊ အခန်းစတုတ္ထထပ် (ခြေရင်းခန်း) အကျယ်အဝန်း (၁၂ပေ x ၅၄ ပေ)ရှိ တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းဟိန်း [၁၂/ဒဂမ(နိုင်)၀၂၅၇၄၆] က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရန်အောင်စိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် - ၅၁၂၈၄)**
**အမှတ်(၂၂၆)၊ သဇင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၈၂၈၅၄၃၆**

**မူးယစ်**

**ကိုပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

**အားကစားမြှင့်တင်   စိတ်လန်းရွှင်   ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့တပ်မတော်သည် တိုင်းပြည်၏ နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ် မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**စစ်ကိုင်းမြို့နယ်နှင့် ကလေးမြို့နယ်တို့တွင် ငွေကျပ် ၄ ဒသမ ၂ဘီလီယံကျော်တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၃ ဒသမ ၉၇၅ တန်၊ အမိုနီယမ် ကလိုရိုဒ် ၂ ဒသမ ၃ တန်ကျော်နှင့် ဓာတုပစ္စည်း Propiophenone လီတာ ၁၀၂၀ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၂

---

**တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေကြေးများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား / အမျိုးသမီး)ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲသို့တက်ရောက်



ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား)ပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။

နေပြည်တော် ဩဂုတ် ၁၈

ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ဖူဆယ်အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုခိုင်မာလာစေရေးနှင့် ဖူဆယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ယနေ့ အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ(အမျိုးသမီး)အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၁၂ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၁ ဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

## ONE Friday Fight-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ငါးဦး၏တွဲဆိုင်းများ ပါဝင်မည်

ရန်ကုန် ဩဂုတ် ၁၈

ဩဂုတ် ၂၃ ရက်တွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် ONE Friday Fight-76 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ငါးဦး၏ တွဲဆိုင်းများ ပါဝင်လာမည်ဖြစ်သည်။

ယခင်က မြန်မာကစားသမားများအနေဖြင့် တစ်ဦး သို့မဟုတ် နှစ်ဦးသာ ထိုးသတ်ခွင့်ရသော်လည်း ONE Friday Fight-76 ပြိုင်ပွဲတွင်မူ ငါးဦးအထိ ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာဖိုက်တာများဖြစ်သည့် သန့်ဇင်၊ သွေးလင်းထက်၊ အဲမို့၊ ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်နှင့် ဆစိုးသီဟတို့၏ ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

မြန်မာဖိုက်တာများအနက် သန့်ဇင်က ထိုင်(ထိုင်း)၊ သွေးလင်းထက်က ကိုင်မိုခါအို(ထိုင်း)၊ အဲမို့က တာကာဇိုနို(ဂျပန်)၊ ဆစိုးသီဟက မာဆတိုရှိ(ဂျပန်)၊ ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်က ကော်ပိုင်(ထိုင်း)တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဩဂုတ် ၂၃ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာပရိသတ်များ အားပါးတရ စောင့်ကြည့်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## MNL ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် ရတနာပုံအသင်း နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၁၈

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇) တတိယနေ့ကို ဩဂုတ် ၁၈ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နိုင်ပွဲရရှိသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဒဂုံစတားအသင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း အဝေးကွင်းတွင် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းမှာမူအိမ်ကွင်း၌ အခွင့်အရေးအပြည့်အဝ အသုံးချနိုင်ခြင်းမရှိဘဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ရသည်။

စာမျက်နှာ ၂၂ ကော်လံ ၄ သို့ ❐



ဒဂုံစတားအသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။